မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၁၀)

Established in 1914

Myanma Alinn Daily

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

၂၀၁၃ ခုနှစ်၊ မေ ၃ ရက်၊ သောကြာနေ့။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

ထစ်ချုန်းမိုး

၃-၅-၂၀၁၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူကာကွယ်ရေးဝန်ကြီးအားလက်ခံတွေ့ဆုံ

စီးပွားရေးကဏ္ဍများပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် မေ ၂

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Dr. Ng Eng Hen ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး စင်ကာပူကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua လည်း တက်ရောက်သည်။

ဆွေးနွေး

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေး၊ စင်ကာပူနိုင်ငံ၌ ကျင်းပသည့် အာရှ-ပစိဖိတ် လုံခြုံရေးဆိုင်ရာညီလာခံ(ရှန်ဂရီလာဆွေးနွေးပွဲ)တွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ နှစ်စဉ်တက်ရောက်လျက်ရှိပြီး နှစ်နိုင်ငံတပ်မတော်များအကြား ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးကဏ္ဍများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Dr. Ng Eng Hen အား သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။(သတင်းစဉ်)

တိမ်ကောလာသည့် အင်းလေးကန်ထိန်းသိမ်းရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးဆုံးလိုအပ်

နိုင်ငံကျော် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ကြီးသည် ၂၀၁၃ ခုနှစ် နွေရာသီကာလ ရေနည်းချိန်တွင် အင်းလေးကန်ရေမျက်နှာပြင် သိသာစွာကျဆင်းမှုနှင့်အတူ ဖောင်တော်ဦးဘုရားအနီးပတ်ဝန်းကျင်တွင် ရေလမ်းကြောင်းများ တိမ်ကောလာကြောင်း၊ စက်လှေများဆိုက်ကပ်ရန် အခက်အခဲများ ကြုံတွေ့နေရသည်။ ဘုရားဖူးပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသွားများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် တိမ်ကောနေသည့် ရေလမ်းကြောင်းနှင့် စက်လှေဆိပ်ကမ်းများကို အမြန်ဆုံး တူးဖော်ဆောင်ရွက်ပေးသွားရန် ဆည်မြောင်းဦးစီးဌာနက ဧပြီ ၂၄ ရက်မှစတင်၍ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၄ ❍

ယနေ့ မာတိကာ

ခေတ်မီအဝေးပြေး ကုန်ကားဝင်းတစ်ခု ရန်ကုန်မြို့၌ လိုအပ်နေသည်ဟုဆို — စာ-၂

ကိုရီးယားကျွန်းဆွယ် နျူကလီးယားအရေး တရုတ်နှင့် တောင်ကိုရီးယားတို့ဆွေးနွေး — စာ-၄

တစ်ဆင့်ခံဆေးလိပ်ငွေ့ ရှူရှိုက်ခြင်းနှင့် ကျန်းမာရေးအန္တရာယ် — စာ-၅

ပုဂံယွန်းထည်များ ဘုရားဖူးများကြောင့် ရောင်းအားကောင်းလာ — စာ-၁၀

စပိန်မြေမှာ ဘာစီလိုနာ ပရိသတ်တွေ ကြေကွဲခဲ့ရတဲ့ ချန်ပီယံလိဂ် — စာ-၁၂

တစ်ပတ်အတွင်း MNL ပွဲစဉ်များကို ခံစားခြင်း — စာ-၁၃

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (က)မှ (ဓ)အထိ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ခရီးသွားခြင်းအကျိုး

ခရီးသွားခြင်းကို လူတိုင်းနှစ်သက်ကြသည်။ ခရီးသွားခြင်း အမျိုးမျိုးရှိသည်။ တာဝန်အရခရီးသွားခြင်း၊ အနားယူအပန်းဖြေရန် ခရီးသွားခြင်း၊ ဒေသန္တရဗဟုသုတရှာမှီးရန်အတွက် ခရီးသွားခြင်း၊ ဘုရားဖူးခရီးသွားခြင်း စသည်ဖြင့် အကြောင်းအမျိုးမျိုးရှိရာ မည်သို့သောခရီးသွားခြင်းဖြစ်စေ ခရီးသွားခြင်းသည် လူ၏စိတ်ကို လန်းဆန်းစေခြင်း၊ ပျော်ရွှင်စေခြင်း၊ ဒေသန္တရ ဗဟုသုတများရရှိစေခြင်းတို့ကို ရရှိခံစားရသည်။

ခရီးသွားခြင်းကြောင့် ပတ်ဝန်းကျင်သစ်နှင့် ထိတွေ့ရသည်။ ရထား၊ ကား၊ လေယာဉ်၊ သင်္ဘော စသည်တို့ကို အသုံးပြုသွားလာကြရသည့်အခါ ရထားစီး၍သွားပါက ရထားစီးရသည့်အတွေ့အကြုံ၊ ကားစီး၍သွားပါက ကားစီးရသော အတွေ့အကြုံကိုရရှိသည်။ ခရီးသွားဖော်ကိုရရှိ၍ မိတ်ဆွေသစ်တိုးရသည်။ ခရီးသွားဖော်နှင့် မိတ်ဆက်စကားပြောကြရာမှ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးခွင့်ရရှိကြပြီး အတွေ့အကြုံ၊ ဗဟုသုတများ ဖလှယ်ခွင့်ရရှိကြသည်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည်တို့မှ မိမိမသိတာများသိရှိရပြီး မိမိသိရှိသည်များကို ပြန်လည်ပေးဆပ်ခွင့်ရသည်။

ယနေ့ပြည်သူအများစုသည် လူကြီးလူငယ်မရွေး ခရီးသွားခြင်းကိစ္စအတော်များများ ပြုလုပ်လာကြသည်။ အထူးသဖြင့် အပန်းဖြေခရီးသွားခြင်း၊ ဘုရားဖူးခရီးသွားခြင်းမျိုးကို ယခုကဲ့သို့ ပူအိုက်သည့်ရာသီမျိုးတွင် ပြုလုပ်ကြသည်။ မြန်မာနိုင်ငံ၏ ဒေသအနှံ့တွင်လည်း တန်ခိုးကြီးဘုရားများ၊ အပန်းဖြေစရာ သဘာဝကမ်းခြေ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များသည် များစွာဖြစ်တည်လျက်ရှိသည်။ ထို့ကြောင့်လည်း ခရီးသွားလုပ်ငန်းသည် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် တွင်ကျယ်လာရပြီး ခရီးသွားပြည်သူများကို ဝန်ဆောင်မှုကောင်းကောင်းပေးနိုင်ပါက အောင်မြင်သောစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် တိုးတက်လာခဲ့ရသည်။

ခရီးသွားခြင်းကြောင့် မိမိရောက်ရှိရာဒေသ၏ လူနေမှုစနစ်၊ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု၊ ဒေသထွက်ကုန်၊ ဒေသခံတို့၏ စီးပွားရေးလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်အခြေအနေတို့ကို ဒေသန္တရဗဟုသုတအဖြစ် လေ့လာမှတ်သားခွင့်ရရှိခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိသည်။ လက်တွေ့သိရှိရသည့်အတွေ့အကြုံများသည် ခရီးသွားသူအတွက် များစွာအထောက်အကူဖြစ်စေသည်။

လူတို့သည် နေ့စဉ်စားဝတ်နေရေးအတွက် ကိုယ်စီတာဝန်ယူလုပ်ကိုင်နေကြရသည်။ ကာယ၊ ဉာဏတို့ကို စိုက်ထုတ်၍ ရုန်းကန်လှုပ်ရှားကြရသည်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည်တို့အတွက် ဦးနှောက်ကိုအသုံးပြုပြီး စဉ်းစားတွေးခေါ်ကာ လုပ်ကိုင်ကြရသည်။ ခရီးသွားပါက စိတ်၏အပန်းဖြေမှုကိုရရှိသည်။ ခန္ဓာကိုယ်နှင့်စိတ်ကို လန်းဆန်းတက်ကြွစေသည်။ အတွေးအခေါ်သစ်၊ ကြံစည်တီထွင်မှုအသစ်တို့ကို ရရှိစေသည်။ ပတ်ဝန်းကျင်ပြောင်းလဲမှုကြောင့် အမြင်အာရုံပြောင်းလဲပြီး စိတ်ခံစားမှုသည်လည်း လိုက်၍ပြောင်းလဲသွားရသည်။

သို့ဖြစ်၍ ခရီးသွားခြင်းသည် မည်သည့်လုပ်ငန်းအတွက်မဆို များစွာအထောက်အကူရရှိစေပြီး အတွေ့အကြုံသစ်များကို ရရှိပါသဖြင့် လူတိုင်းခရီးသွားသင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ခွဲစိတ်ကုသပြီး မျက်စိဝေဒနာရှင်များအား ထောက်ပံ့ငွေများပေးအပ်

တောင်ကြီး မေ ၂

မေတ္တာဖြင့် စေတနာရှင်များက မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်၊ ခွဲစိတ်မှုကို ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနနှင့် ရှမ်းပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က ပူးပေါင်း၍ ခွဲစိတ်ကုသပြီးသော မျက်စိဝေဒနာရှင်များအား ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ ခွဲစိတ်ကုသဆောင်၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်ဇနီး ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ဖြူဖြူညွန့်၊ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် အထူးကုဆရာဝန်ကြီးများက ခွဲစိတ်ကုသပြီးသော မျက်စိဝေဒနာရှင်များကို လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနနှင့် ရှမ်းပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ အခမဲ့စမ်းသပ်၊ ခွဲစိတ်ကုသပေးမည့် မျက်စိဝေဒနာရှင် ၆၂ ဦးရှိပြီး ဧပြီ ၂၉ ရက်တွင် ခွဲစိတ်ပြီး မျက်စိဝေဒနာရှင် ၄၃ ဦး၊ ဧပြီ ၃၀ ရက်တွင် ထပ်မံခွဲစိတ်ကုသပေးမည့် မျက်စိဝေဒနာရှင် ၁၉ ဦးရှိကြောင်း သိရသည်။

အဆိုပါ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေးမှုကို ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်တွင် ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးခန်းမ၌ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေးပေးပြီး တောင်ကြီးမြို့ပေါ်ရှိ ၂၂ ရပ်ကွက်မှ မျက်စိဝေဒနာရှင်များ၊ အေးသာယာ၊ ရွှေညောင်၊ ဟိုပုံး၊ ဆီဆိုင်၊ ရပ်စောက်၊ ကလော၊ ပင်းတယ၊ ရွာငံရှိ မျက်စိဝေဒနာရှင်များ တက်ရောက်ကုသကြသည်။ ဆက်လက်၍ ခွဲစိတ်ကုသမှုခံယူနေသည့် မျက်စိဝေဒနာရှင် ၆၂ ဦးတို့ကို ရှမ်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ထောက်ပံ့ငွေအဖြစ် တစ်ဦးလျှင် ငွေကျပ် ၃၈၀၀ နှုန်းပေးအပ်ပြီး နံနက်စာ၊ နေ့လယ်စာ၊ ညစာတို့ဖြင့် ဒါနပြုစုကျွေးမွေးကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ခေတ်မီအဝေးပြေးကုန်ကားဝင်းတစ်ခု ရန်ကုန်မြို့၌လိုအပ်နေသည်ဟုဆို

ရန်ကုန် မေ ၂

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်သည် ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်စခန်းဝင်းရှိ အဝေးပြေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်အသင်းရုံးခန်းသို့ ဧပြီ ၃၀ ရက် မွန်းလွဲပိုင်းက ရောက်ရှိလာပြီး ဘုရင့်နောင်ပွဲရုံ စည်ပင်ကွပ်ကဲမှုရုံး တာဝန်ရှိသူများ၊ ဝင်းအတွင်းရှိ N.G.O အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပွဲရုံဝင်းအတွင်း ယာဉ်ပိတ်ဆို့မှုလျော့ပါးရေးအတွက် မှာကြားသွားသည်ဟု သိရသည်။

ပွဲရုံဝင်းအတွင်းရှိ တာဝန်ရှိသူများက ယာဉ်ပိတ်ဆို့မှု ဖြစ်ပွားရခြင်း၏ အကြောင်းအရင်းများကို တင်ပြပြောကြားပြီး ဝန်ကြီးက လိုအပ်ချက်များကို လမ်းညွှန်သွားကြောင်း အဝေးပြေးကုန်စည်အသင်းရုံးမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဘုရင့်နောင် ပွဲရုံဝင်းအတွင်း ယာဉ်မောင်းအချို့၏ စည်းကမ်းမဲ့မောင်းနှင်မှုများအပေါ် အရေးယူဆောင်ရွက်ရာတွင် ထိရောက်မှုရှိလာရေး၊ ကုန်တင်ယာဉ်အများစု ဘုရင့်နောင်လမ်းမကြီး၏ ဝဲယာဘေးနှစ်ဖက်တွင် စီတန်းရပ်နားနေမှုများ နေ့စဉ်မြင်တွေ့ရမှုကြောင့် ယာဉ်ပိတ်ဆို့မှုလျော့ပါးသွားရန် ယာယီယာဉ်ရပ်နားစခန်းဝင်းတစ်ခု ဖွင့်လှစ်နိုင်ရေးလိုအပ်နေရာ အဝေးပြေး-ကုန်စည်အသင်းမှ ယာယီကုန်တင်ယာဉ်ရပ်နား စခန်းဝင်းတစ်ခု ဖွင့်လှစ်ပေးနိုင်ရန် မြေနေရာရရှိရေးကို ယင်းလမ်းညွှန်တွေ့ဆုံပွဲတွင် တင်ပြခဲ့ကြောင်း သိရသည်။

ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ လျော့ကျလာမည့် မိုးတွင်းကာလတွင် လမ်းဘေးရပ်နားမည့် ကုန်တင်ယာဉ်အရေအတွက် ယခုထက် ပိုမိုများပြားလာနိုင်သည့်အတွက် ယာယီကုန်တင်ယာဉ်ရပ်နားစခန်း လိုအပ်နေကြောင်း၊ မန္တလေးတွင် ယခုနှစ်အတွင်း ဖွင့်လှစ်ခဲ့သော စွယ်တော်ရပ်ရှိ ပြည်ကြီးမင်္ဂလာ အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းကဲ့သို့ ခေတ်မီအဝေးပြေးကုန်တင်ကားဝင်းတစ်ခု ရန်ကုန်မြို့တွင်လည်း လိုအပ်နေကြောင်း၊ ကိုယ်ထည်အရှည်ပေ ၂၀ ရှိသော ခြောက်ဘီးကုန်တင်ယာဉ်များသာ အသုံးပြုပြီး ၁၉၉၃ ခုနှစ်ဝန်းကျင်တွင် ဖွင့်လှစ်ခဲ့သော ဘုရင့်နောင်ပွဲရုံဝင်းသည် ၂၀၁၁ ခုနှစ်မှစ၍ အဝေးပြေးကုန်စည်ပို့ဆောင်ရေးတွင် အသုံးပြုများလာသော အရှည်ပေ ၄၀ ရှိ နောက်တွဲပါ ၂၂ ဘီး ကုန်တင်ယာဉ်ကြီးများနှင့် အံဝင်ခွင်ကျမှုမရှိသည့်အတွက် ယာဉ်ပိတ်ဆို့မှုဖြစ်စေသည့်အပြင် ခေတ်မီကုန်ကားကွင်းသစ် အမြန်လိုအပ်နေသည်ဟု အဝေးပြေးကုန်စည်အသင်းမှ တွဲဖက်အတွင်းရေးမှူးက ဆိုသည်။

(ခင်ဆိုင်)

နာရီစင်ကြီးကို နာရီများတပ်ဆင်ပေးစေလို

ထင်သာမြင်သာ ပြုပြင်စရာ

ဗန်းမော်မြို့သည် ခရိုင်မြို့ဖြစ်၍ ကချင်ပြည်နယ်၏ ဒုတိယမြို့တော်ဖြစ်၏။ သမိုင်းဝင် အထင်ကရ မြို့ဖြစ်ပြီး ရပ်ဝေးရပ်နီးဧည့်သည်များ၊ နိုင်ငံခြားသားဧည့်သည်များ လာရောက်ကြ၏။ မြို့၏ကျက်သရေဆောင် နာရီစင်ကြီး၏ လေးမျက်နှာတွင် နာရီများ ကင်းမဲ့နေသည်မှာ နှစ်ချီကြာနေပြီဖြစ်သည်။

နာရီသည် ကြည့်ရှုသူများအား အချိန်ကိုဖော်ပြပေး၏။ သွားလာရမည့်အချိန်၊ အလုပ်လုပ်ရမည့်အချိန်များကို နှိုးဆော်ပေး၏။ မရှိဆင်းရဲနွမ်းပါးသော ဈေးသူဈေးသားများ၊ ကျောင်းသားကျောင်းသူများ၊ ရုံးသူ ရုံးသားများနှင့် လုပ်သားပြည်သူများသည် နာရီစင်အနီး ဖြတ်သန်းသွားလာကြရသည့်အခါ နာရီအချိန် သိရှိခွင့်ရရှိသဖြင့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အဆင်ပြေကြ၏။ မြို့အင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရန်အတွက် နာရီစင်၏ လေးမျက်နှာတွင် နာရီများ တပ်ဆင်ပေးရန် ပြည်သူများနှင့် ကျောင်းသားကျောင်းသူများက လိုလားတောင့်တလျက်ရှိကြောင်း သိရှိရသည်။

ဆီမီးခုံ(နန်းရှီ)

မီးသတိပေး နှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်းမပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

ပြည် ထောင် စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး အမေရိကန်ပြည်ထောင်စု United States Agency For International Development (USAID) မှ Deputy Assistant Administrator Dr. Sarah Mendelson နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

၂၀၁၅ ခုနှစ်တွင်ကျင်းပမည့် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲအတွက် ကော်မရှင်အနေဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် မေ ၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အမေရိကန်ပြည်ထောင်စု United States Agency For International Development (USAID) မှ Deputy Assistant Administrator Dr. Sarah Mendelson နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကော်မရှင်အဖွဲ့ဝင်များလည်း တက်ရောက်ကြပြီး မြန်မာနိုင်ငံ၌ ၂၀၁၅ ခုနှစ်တွင်ကျင်းပမည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအတွက် ကော်မရှင်အနေဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များအပေါ် အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ-လက်ဘနွန် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

နေပြည်တော် မေ ၂

လက်ဘနွန်နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် မစ္စတာ အီလိုင်းဒီဘာဟီနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံကြပြီး **(ယာပုံ)** မြန်မာနိုင်ငံနှင့် လက်ဘနွန်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင် ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် မြင်းခြံမြို့တို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်နှင့် ညောင်ဦးမြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက်မရောမြို့တွင် ၁ ဒသမ ၂၉ လက်မနှင့် မိုးကုတ်မြို့တွင် ၁ ဒသမ ၀၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပြည်တွင်းသတင်း

သံအမတ်ကြီး ဦးပေါ်လွင်စိန်အား လူဇင်ဘတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် မေ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးပေါ်လွင်စိန်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် လူဇင်ဘတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၃-၅-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၆:၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ဓမ္မပူဇာတေး
၆:၃၀	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အက/ တေးသံသာ
၆:၄၀	**ဂျလန်းကျွန်းဆလုံမြေမှ သာသနာ့အောင်ပွဲ** (အပိုင်း-၂)
၇:၀၀	ပြည်တွင်းသတင်း မိုးလေဝသသတင်း
၈:၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း
၈:၂၅	အိန္ဒိယရုပ်ရှင် **ဖြူစင်မေတ္တာ** (အပိုင်း-၆၃)(Re-Run)
၉:၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း
၉:၄၅	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာသစ္စာ** (အပိုင်း-၃၃)(Re-Run)
၁၀:၀၀	ပြည်တွင်းသတင်း
၁၀:၅၅	ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် (ReRun)

နေ့လယ်ပိုင်း

၁၁:၂၀	ပျော်ရွှင်စေသောနေ့ရက်များ **ယောက္ခမရုပ်ရည်** (အပိုင်း-၅)(Re-Run)
၁၂:၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ

ညနေခင်း

၁၅:၀၀	ပြည်တွင်းသတင်း
၁၅:၃၀	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၁၅၀) (ဇာတ်သိမ်း)(Re-Run)
၁၆:၀၀	ပြည်တွင်းသတင်း မိုးလေဝသသတင်း
၁၆:၂၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ပြည်သူ့ရေးရာ၊ စီးပွားရေးပညာ၊ အိမ်တွင်းစီးပွားအထူးပြုများ) (ပြည်သူ့ရေးရာ)
၁၈:၀၀	ပြည်တွင်းသတင်း မိုးလေဝသသတင်း
၁၈:၄၅	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာသစ္စာ** (အပိုင်း-၃၄)
၁၉:၀၀	ပြည်တွင်းသတင်း
၂၀:၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း
၂၁:၀၀	ပြည်တွင်းသတင်း
-	မီးသတ်တပ်ဖွဲ့ဂုဏ်ပြုဇာတ်လမ်း **မီးများအားလုံးငြိမ်းပါစေ** ဇင်ဝိုင်း၊ သားညီ၊ မိုးယံဇွန်၊ စူးရှ၊ မို့မို့မြင့်အောင်၊ မိုးယုစံ၊ ဝါဆိုမိုးဦး၊ မေသက်ခိုင် (ဒါရိုက်တာ-မီးပွား)

ထီးချိုင့်တွင် ဆက်သွယ်ရေးတာဝါတိုင်ပြိုလဲ

ထီးချိုင့် မေ ၂

ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့၌ လေပြင်းတိုက်ခတ်ခဲ့သဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တပ်ဆင်ထားသော ၃၂ မီတာ တာဝါတိုင်ပြိုလဲမှုကြောင့် ၁၀ ပေ အင်တင်နာတစ်လုံး၊ ခြောက်ပေအင်တင်နာတစ်လုံးပျက်စီးခဲ့ပြီး ထီးချိုင့်အော်တိုအိတ်ချိန်း၊ CDMA-450 နှင့် GSM အဆက်အသွယ် ပြတ်တောက်ခဲ့ရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အဆက်အသွယ်အမြန်ရရှိရေးအတွက် ၃၂ မီတာ Guyed Tower အား တပ်ဆင်ရေးနှင့် အင်တင်နာများ ပြန်လည်တပ်ဆင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်တွင် ပြန်လည်ကောင်းမွန်မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

နိုင်ငံတကာသတင်း

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု တရုတ်သို့အလည်အပတ်ခရီးသွားမည်

ဂျေရုဆလင် မေ ၂

နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ဖြစ်ထွန်းစေရန်အတွက် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် တရုတ်နိုင်ငံသို့ မကြာမီအလည်အပတ်ခရီး သွားမည်ဖြစ်ကြောင်း အစ္စရေးအရာရှိများက မေ ၂ ရက်၌ ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု **(ယာပုံ)**သည် လာမည့် မေ ၆ရက်မှ ၁၀ ရက်အထိ တရုတ်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်မည်ဖြစ်သည်။ တရုတ်နှင့်ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်းမှာ အရေးကြီးသည်ဟု မိမိတို့ခံယူထားကြောင်း အစ္စရေးထိပ်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

တရုတ်အရာရှိတစ်ဦးဖြစ်သူ လီကီကျန်က အစ္စရေးနိုင်ငံသည် သိပ္ပံနှင့် နည်းပညာတို့တွင် ကမ္ဘာ့အဆင့်မီဖြစ်လာကြောင်း၊ မိမိတို့၏ လယ်ယာကဏ္ဍနှင့်ဆက်သွယ်ရေးကဏ္ဍတို့တွင် အဆင့်မြင့်နည်းပညာများ အသုံးပြုရန်လိုအပ်ကြောင်း၊ ယင်းမှာ နှစ်နိုင်ငံပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားသည်။

တရုတ်နိုင်ငံအလည်အပတ်ခရီးစဉ်အတွင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ရှန်ဟိုင်း နှင့်ပေကျင်းမြို့များသို့သွားရောက်ကာ တရုတ်ထိပ်တန်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ **(ဆင်ဟွာ)**

အစိုးရကိုဖြုတ်ချရန် ကြိုးပမ်းမှုဖြင့် အမေရိကန်နိုင်ငံသားအား မြောက်ကိုရီးယားက အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြစ် ချမှတ်

ပြုံယမ်း မေ ၂

အမေရိကန်နိုင်ငံသားတစ်ဦးကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၅ နှစ်ချမှတ်လိုက်ကြောင်း မြောက်ကိုရီးယားက ကြေညာသည်။

အမေရိကန်နိုင်ငံတွင် ကန်နက်ဘေးဟူ၍ အမည်ခံယူထားသော ပေဂျုံဟိုးဆိုသူကို ဧပြီ ၃၀ရက်က တရားရုံး၌ ကြားနာစစ်ဆေးခဲ့သည်ဟု နိုင်ငံပိုင်သတင်းဌာန KCNA က ထုတ်ပြန်သည်။

၎င်းသည် ကမ္ဘာလှည့်ခရီးသွားတစ်ဦးအနေဖြင့် မြောက်ကိုရီးယားသို့ ဝင်ရောက်ခဲ့ပြီးနောက်တွင် ယမန်နှစ် နိုဝင်ဘာလအတွင်းက ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

အစိုးရအား ဆန့်ကျင်သည့် ပြစ်မှုများဖြင့် ၎င်းအား အရေးယူ အပြစ်ပေးခြင်းဖြစ်ကြောင်း ပြုံယမ်းက ကြေညာသည်။

ပြုံယမ်း၏ တတိယအကြိမ် နျူကလီးယားစမ်းသပ်ပြီးနောက်ပိုင်း အမေရိကန်နှင့်မြောက်ကိုရီးယားတို့ တင်းမာလျက်ရှိစဉ် ယခုအရေးကိစ္စ ဖြစ်ပွားလာခြင်းလည်း ဖြစ်သည်။

အစိုးရဖြုတ်ချရေး ကြိုးပမ်းမှုအပါအဝင် မြောက်ကိုရီးယားအပေါ် ဆန့်ကျင်သည့် ပြစ်မှုများဖြင့် စွဲချက်များကို ပေဂျုံဟိုးက ဝန်ခံထားကြောင်း ပြီးခဲ့သည့်သီတင်းပတ်အတွင်း မြောက်ကိုရီးယား မီဒီယာတွင် ဖော်ပြခဲ့သည်။ **(ဘီဘီစီ)**

ကိုရီးယားကျွန်းဆွယ် နျူကလီးယားအရေး တရုတ်နှင့်တောင်ကိုရီးယားတို့ ဆွေးနွေး

ဆိုးလ် မေ ၂

တောင်ကိုရီးယားနိုင်ငံမှ ထိပ်တန်းနျူကလီးယား သံတမန်တစ်ဦးဖြစ်သည့် နမ်လမ်ဆောင်သည် နျူကလီးယားကိစ္စရပ်များနှင့် ပတ်သက်၍ တရုတ်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးရန် တရုတ်နိုင်ငံသို့ မေ ၁ ရက်က ခရီးထွက်ခဲ့ကြောင်း ယွန်ဟတ်သတင်းဌာနမှ သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယား နျူကလီးယား ထိပ်တန်းသံတမန် နမ်လမ်ဆောင်သည် တရုတ်နိုင်ငံ၌ နှစ်ရက်ကြာ ခရီးစဉ်အတွင်း တရုတ်နိုင်ငံ၏ နျူကလီးယား ထိပ်တန်းတာဝန်ရှိသူတစ်ဦးဖြစ်သည့် ဝူဒါဝီနှင့် တွေ့ဆုံကာ နျူကလီးယားကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်သည်။

ထိုသို့ နှစ်နိုင်ငံနျူကလီးယား ထိပ်တန်းတာဝန်ရှိသူနှစ်ဦး တွေ့ဆုံဆွေးနွေးရာတွင် မြောက်ကိုရီးယားတို့၏ နျူကလီးယားဆိုင်ရာ ကိစ္စရပ်များလည်း ပါဝင်ကြောင်း၊ ယင်းဆွေးနွေးပွဲ၌ တရုတ်နိုင်ငံမှ နျူကလီးယားဆိုင်ရာ တာဝန်ရှိသူများလည်း ပါဝင်ကြောင်း သတင်း၌ဖော်ပြသည်။

ရောက်ရှိလာ

တောင်ကိုရီးယား ထိပ်တန်းနျူကလီးယားသံတမန် နမ်လမ်ဆောင်သည် အမေရိကန်နှင့် တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ ကျင့်မှုပြီးစီးပြီးနောက် တစ်ရက်အကြာတွင် တရုတ်နိုင်ငံသို့ နျူကလီးယားစစ်ရေးဆွေးနွေးရန် ရောက်ရှိလာခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

ဘော့စ်တွန်ဗုံးသံသယရှိသူသုံးဦးအား အက်ဖ်ဘီအိုင် ရဲတပ်ဖွဲ့က ဖမ်းဆီး

ဘော့စ်တွန် မေ ၂

အနည်းဆုံး လူသုံးဦးသေဆုံးပြီး ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့သည့် ဘော့စ်တွန်မာရသွန်ဗုံးပေါက်ကွဲမှုနှင့် ဆက်နွှယ်နေသည်ဟု သံသယရှိသူသုံးဦးအား ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း အမေရိကန်ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အောက်ပုံ)**

ဆက်နွှယ်နေ

အဆိုပါ ဖမ်းဆီးထားသူသုံးဦးအနက် နှစ်ဦးမှာ ကျောင်းသားများဖြစ်ကြပြီးဒီယကာဒိုင်ဘာဘာယက်က်နှင့် အဇာမက်တာဇာရာကော့ဗ်တို့ ဖြစ်ကြောင်း၊ အခြားတစ်ဦးမှာ အမည်မသိသေးကြောင်း၊ ယင်းတို့သည် ဧပြီ ၁၅ ရက်က ဘော့စ်တွန်ဗုံးပေါက်ကွဲမှုနှစ်ခုနှင့်ဆက်နွှယ်နေကြောင်း အမေရိကန်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ကျောင်းသားနှစ်ဦးသည် ဒါးမောင့်ရှိ မက်ဆာချူးဆက်တက္ကသိုလ်မှ အသက် ၁၉ နှစ်အရွယ် ဘော့စ်တွန်ဗုံးသံသယရှိသူ ဇိုခါးဆာနေးဗ်၏ သူငယ်ချင်းများဖြစ်သည်။ ယင်းကျောင်းသားနှစ်ဦးအား ရဲတပ်ဖွဲ့က လွန်ခဲ့သောသီတင်းပတ်က ဖမ်းဆီးလိုက်ကြောင်း ၊ ကာဇက်စတန်မှ ကျောင်းသားဗီဇာဖြင့် အမေရိကန်၌ လာရောက်နေထိုင်သူများဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ **(ပရက်စ်တီဗွီ)**

စစ်သွေးကြွများအား ထိထိရောက်ရောက်နှိမ်နင်းမည်ဟု အီရတ်ဝန်ကြီးချုပ် မာလစ်ကီ ကတိကဝတ်ပြုပြောကြား

ဘဂ္ဂဒက် မေ ၂

အီရတ်နိုင်ငံအတွင်း လတ်တလောအကြမ်းဖက်မှုမြင့်မားနေစဉ်အတွင်း လက်နက်ကိုင်စစ်သွေးကြွများအား ထိထိရောက်ရောက်နှိမ်နင်းသွားမည်ဟု ဝန်ကြီးချုပ် နော့ရီအယ်လ်မာလစ်ကီက ကတိကဝတ်ပြုပြောကြားခဲ့သည်။

ယနေ့ မိမိတို့တွင် လက်နက်ကိုင်စစ်သွေးကြွများ၏ ပြဿနာတစ်ရပ်ရှိနေပြီး ၎င်းတို့ကို ထိထိရောက်ရောက် နှိမ်နင်းရမည်ဖြစ်ကြောင်း မေ ၁ ရက်က မြို့တော် ဘဂ္ဂဒက်အတွင်း စည်းရုံးလှုံ့ဆော်မှုတစ်ခု၌ အယ်လ်မာလစ်ကီက ပြောကြားခဲ့ခြင်းဖြစ်သည်။

မေ ၁ ရက်က အီရတ်နိုင်ငံတစ်ဝန်း လူပေါင်း ၁၅ ဦးသေဆုံးခဲ့သည့် ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားပြီးနောက် အဆိုပါအမိန့်ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

နိုင်ငံအရှေ့ပိုင်း ဖာလူဂျာမြို့၌ မေ ၂ ရက်က ဗုံးပေါက်ကွဲမှုတစ်ခုတွင် ခြောက်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။ ထို့အပြင် မြို့တော် ဘဂ္ဂဒက်မြောက်ဘက် ၁၈၀ ကီလိုမီတာအကွာ ဘိုင်ဂျေမြို့မြောက်ပိုင်း လမ်းဘေးဗုံးပေါက်ကွဲပြီး ရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။ **(ပရက်စ်တီဗွီ)**

အိန္ဒိယမြောက်ပိုင်း၌ လျှော်လှုပ် နှစ်ဦးသေဆုံး၊ ၆၉ ဦး ဒဏ်ရာရ

နယူးဒေလီ မေ ၂

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် မေ ၁ ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခု လှုပ်မှုကြောင့် အနည်းဆုံး နှစ်ဦးသေဆုံးပြီး ၆၉ ဦး ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း မေ ၂ ရက်က ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါငလျင်သည် အိန္ဒိယမြောက်ပိုင်း ဂျမ်မူ၊ ကတ်ရှမီးယားနှင့် ဟိမာချာပရာဒက်ရှ် ပြည်နယ်များ၏ နယ်စပ်တစ်လျှောက်တွင် လှုပ်ခဲ့ခြင်းဖြစ်ပြီး ရုတ်တရက်တုန်လှုပ်မှုကြောင့် လူပေါင်းများစွာတို့ လမ်းများပေါ်သို့ အပြေးအလွှားရောက်ရှိလာခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းငလျင်သည်မြို့တော်နယူးဒေလီ၏မြောက်ဘက် ၄၅၀ ကီလိုမီတာခန့်အကွာတွင် ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ပြောကြားသည်။

ဒဏ်ရာရသူများထဲတွင် အနည်းဆုံး ၃၂ ဦးမှာ ကျောင်းသားများဖြစ်ကြသည်။ အဆိုပါ ငလျင်လှုပ်ရာမှ မြေပြိုမှုများဖြစ်ပွားပြီး ဂျမ်မူဒေသအတွင်းရှိ ကတ်ဝါနှင့် ဒိုဒါခရိုင်များတွင် စာသင်ကျောင်းနှင့် အဆောက်အအုံအချို့တို့ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ **(ဆင်ဟွာ)**

ပနားမားမယ်စကြာဝဠာ ၂၀၁၃ ပြိုင်ပွဲ အလှမယ်ဘာရာဂတ်စ် သရဖူဆုဆွတ်ခူး

ပနားမား မေ ၂

ကာရိုလိုင်းနားဘတ်ခေါ် အလှမယ်ဘာရာဂတ်စ်သည် ဧပြီ ၃၀ ရက်က ATLAPA ကွန်ဗင်းရှင်းစင်တာ၌ နှစ်ပတ်လည်အလှမယ် ပြိုင်ပွဲပြုလုပ်စဉ်အတွင်း ပနားမားမယ်စကြာဝဠာ ၂၀၁၃ သရဖူဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း မေ ၁ ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ **(အောက်ပုံ)**

အသက် ၂၂ နှစ်အရွယ်ရှိ ကာရိုလိုင်းနားဘတ်သည် အရပ်အမြင့် ၁ ဒသမ ၈၂ မီတာရှည်ပြီး ယခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ၂၀၁၃ မယ်စကြာဝဠာပြိုင်ပွဲတွင် ပနားမားကိုယ်စားပြုယှဉ်ပြိုင်မည်ဖြစ်သည်။ သူမသည် ၂၀၁၁ ခုနှစ်က မလေးရှားနိုင်ငံတွင် ကျင်းပသည့် Miss Tourism International တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် သူမသည် မြို့တော်ခရီးသွားလုပ်ငန်းအလှမယ်ခေါင်းစဉ်ဖြင့် အနိုင်ရရှိပြီး ဒုတိယဆု ဆွတ်ခူးခဲ့သည်။

ပနားမားမယ်စကြာဝဠာ ၂၀၁၃ ပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သူမှာ လော့စ်ဆန်တို့စ်အလှမယ် ဆာရာဘာလိုဖြစ်ပြီး သူမသည် နိုဝင်ဘာတွင် အီဂျစ်၌ ကျင်းပမည့်Miss Inter Continental 2013 ပြိုင်ပွဲတွင် ပနားမားကိုယ်စားပြုယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ထို့အပြင် တတိယရရှိခဲ့သူမှာ ပနားမားဆန်ထရီအလှမယ် မာရီယာဂါဘရီလီဆီလီဖြစ်ပြီး သူမသည် စက်တင်ဘာလတွင် ကျင်းပမည့် Miss Continente Ameri-cano ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အီကွေဒေါသို့ သွားရောက်မည်ဖြစ်သည်။ **(ဆင်ဟွာ)**

တရုတ်၌ဖြစ်ပွားနေသောကြက်ငှက်တုပ်ကွေး စိုးရိမ်ရသည့် ခြိမ်းခြောက်မှုဖြစ်လာ

ပေကျင်း မေ ၂

တရုတ်နိုင်ငံ၌ ဖြစ်ပွားလျက်ရှိသည့် ကြက်ငှက်တုပ်ကွေးရောဂါသည် လူ့ကျန်းမာရေးကို အဆိုးရွားဆုံးခြိမ်းခြောက်လာနေကြောင်း၊ သို့သော် လျင်မြန်စွာ ပျံ့နှံ့သည့်အနေအထားမဟုတ်သေးကြောင်း ကျွမ်းကျင်သူများက ပြောသည်။

နာမကျန်းဖြစ်နေ

ကြက်ငှက်တုပ်ကွေး ရောဂါအသစ်ဖြစ်သည့် H7N9 ဗိုင်းရပ်(စ်)ကြောင့် ၁၂၆ ဦး ရောဂါကူးစက်ခဲ့ရပြီး လူပေါင်း ၂၄ ဦး သေဆုံးသွားပြီဖြစ်ကြောင်း၊ လူအများစုမှာ ဆေးရုံပေါ်၌ နာမကျန်းဖြစ်နေကြဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဗိုင်းရပ်(စ်)သည် လူအချင်းချင်းကူးစက်သည့် အနေအထား မတွေ့ရသေးကြောင်း၊ သို့သော် ယင်းဗိုင်းရပ်(စ်)သည် ကမ္ဘာကိုခြိမ်းခြောက်လာနိုင်ကြောင်း သုတေသီများက အကြံပြုပြောကြားသည်။

ယင်းဗိုင်းရပ်(စ်)ပိုးသည် လူအချင်းချင်းကူးစက်မည့်ကို စိုးရိမ်နေကြသည်။ ၁၉၉၇ ခုနှစ်က H5N1 ကြက်ငှက်တုပ်ကွေးကြောင့် လူပေါင်း ၃၀၀ ကျော် သေဆုံးခဲ့ရသည်။ **(ဘီဘီစီ)**

တင်မောင်လွင်-စုစည်းသည်

အကျပ်အတည်းမှရုန်းထွက်မည့် ဂရိပြည်သူတို့၏အားမာန်

မြင့်မြတ်အောင်သူရိန်

၂၀၁၃ ခုနှစ်၏ မေ ၁ရက် အလုပ်သမားနေ့သည်ကား ဂရိနိုင်ငံအတွက် အလုပ်သမားသပိတ်ပွဲများဖြင့် သမိုင်းဝင်ရပြန်သည်။ ဘင်္ဂလားဒေ့ရှ်တွင် အထည်စက်ရုံပြိုကျပြီးနောက် ပေါ်ပေါက်သည့် အလုပ်သမားသပိတ်များ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင်တို့မှ ဆန္ဒဖော်ထုတ်ပွဲများ အဖျားခတ်ခြင်းသည်လည်း ဂရိမေဒေးသပိတ်ပွဲများကို ဖြစ်ပွားစေခဲ့သည်။

ထိုသပိတ်မှောက်ပွဲများ ပေါ်ထွက်လာစေခဲ့သည့် အဓိကမြစ်ဖျားခံရာမှာ ဧပြီ ၂၈ ရက်က ဂရိပါလီမန်တွင် မဲခွဲဆုံးဖြတ်လိုက်သည့် ဥပဒေကြောင့်ဖြစ်သည်။

ကြွေးမြီပြဿနာနှင့် ရင်ဆိုင်နေရသည့် ယူရိုဇုန်နိုင်ငံများတွင် ဂရိနိုင်ငံ၏ ငွေကြေးအကျပ်အတည်းမှ ကယ်တင်ရေးရန်ပုံငွေ ယူရို ၈ ဒသမ ၈ ဘီလီယံကာမိစေရန် အစိုးရဌာနများ၌ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းဦးရေကို လျှော့ချရန် ဂရိပါလီမန်တွင် အမတ်များက ၂၀၁၃ ခုနှစ် ဧပြီ ၂၈ ရက် (တနင်္ဂနွေနေ့)က မဲခွဲဆုံးဖြတ်လိုက်သည်။

ယင်းသို့ ပါလီမန်၌ ထိုနေ့က မဲခွဲဆုံးဖြတ်လိုက်ခြင်းဖြင့် ယခုနှစ်အတွင်း ဝန်ထမ်း ၄၀၀၀ အပါအဝင် ၂၀၁၄ ခုနှစ်ကုန် ၂၀၁၅ ခုနှစ်အတွင်း အစိုးရဝန်ထမ်းပေါင်း ၁၅၀၀၀ တို့ကို ဖယ်ရှားရန် လမ်းပွင့်သွားပြီဖြစ်သည်။ အသုံးစရိတ် လိုငွေပြနေသည့် ဂရိအစိုးရအနေဖြင့် အစိုးရဝန်ထမ်းပေါင်း ၇၀၀၀၀ ခန့်အထိ လျှော့ချသွားမည်ဖြစ်ကြောင်း ပထမဆုံးအကြိမ် ထုတ်ပြန်ခြင်းလည်းဖြစ်သည်။

၂၀၁၃ ခုနှစ် ဧပြီ ၂၈ ရက် မတိုင်မီ နှစ်ပေါင်းများစွာအထိ အစိုးရဝန်ထမ်းများ၏ အလုပ်အကိုင်တည်မြဲရေး အခွင့်အလမ်းတို့ကို နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေက အကာအကွယ်ပေးထားသည်။ ဂရိနိုင်ငံ၌ လူလေးဦးလျှင် တစ်ဦးမှာ အစိုးရဝန်ထမ်းဖြစ်သည်။

ယခုကဲ့သို့ အလုပ်ဖြုတ်ရခြင်းမှာလည်း ဂရိအစိုးရနှင့် မြီရှင်များအကြား ချေးငွေဆိုင်ရာ သဘောတူညီချက်အရဖြစ်သည်။ မြီရှင်များမှာ ဥရောပသမဂ္ဂ(အီးယူ)နှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) တို့ဖြစ်သည်။ ဂရိနိုင်ငံ၌ အလုပ်ပြုတ်မည့်သူများ ပိုမိုများပြားလာပြီး အလုပ်လက်မဲ့ပြဿနာ ပိုမိုကြီးထွားလာမည်က အမှန်ပင်။ ယခင့်ယခင် ခြိုးခြံချွေတာရေး အစီအစဉ်များ အကောင်အထည်ဖော်စဉ်က အငြိမ်းစားလစာများ အပါအဝင် အစိုးရဝန်ထမ်းများ၏ လစာငွေကို ၃၀ ရာခိုင်နှုန်းအထိ ဖြတ်တောက်ခဲ့သည်။ အလုပ်လက်မဲ့ပြဿနာမှာ ယူရိုဇုန်နိုင်ငံများအတွင်း ဂရိနိုင်ငံနှင့် စပိန်နိုင်ငံတို့တွင် အခြားနိုင်ငံများထက် ပိုမိုနက်ရှိုင်းသည်။

အမတ်ဦးရေ ၃၀၀ ရှိ ဂရိပါလီမန်တွင် ကွန်ဆာဗေးတစ်ပါတီ ဦးဆောင်သည့် ညွန့်ပေါင်းအစိုးရအနေဖြင့် အမတ်ဦးရေ ၁၆၇ဦးဖြင့် မဲအရေအတွက် အများစုရရှိသည်။ ဝန်ထမ်းဦးရေလျှော့ချရေးကိစ္စကို ဧပြီ ၂၈ ရက်က အမတ်မင်းများ အကြိတ်အနယ် ဆွေးနွေးကြသည်။ ယင်းနောက် မဲခွဲရာ၌ ထောက်ခံမဲ ၁၆၇ မဲ၊ ကန့်ကွက်မဲ ၁၂၃ မဲဖြင့် အတည်ပြုဆုံးဖြတ်နိုင်ခြင်းဖြစ်သည်။

ထိုအချိန်တွင် ပါလီမန်အဆောက်အအုံပြင်ပတွင် ထိုဥပဒေကြမ်းကို ကန့်ကွက်ဆန္ဒပြပွဲများ ပြုလုပ်နေသည်ကို တွေ့နိုင်သည်။ အစိုးရဝန်ထမ်းများ သမဂ္ဂဖြစ်သည့် အဒက်ဒီက ကြေညာချက်ထုတ်ပြန်ရာတွင် ဂရိနိုင်ငံ၏ လူမှုဖူလုံရေးအစဉ်အလာ ဆုံးခန်းတိုင်မည့် လက္ခဏာတစ်ရပ်အဖြစ် ဝေဖန်ထောက်ပြသည်။ သို့သော် အာဏာရညွန့်ပေါင်းအစိုးရတွင် ပါဝင်သည့် သုံးပါတီစလုံးက ထောက်ခံမဲပေးခြင်းကြောင့်သာ ဥပဒေကြမ်းကို အတည်ပြုနိုင်ခြင်းဖြစ်သည်။

ယခုအခါ မိမိတို့သည် လွန်စွာကျဉ်းမြောင်းသည့်လမ်းကို ဖြတ်သန်းလျှောက်လှမ်း နေကြရခြင်းဖြစ်ကြောင်း၊ သို့သော်အဆုံးစွန်၌ မိမိတို့ အောင်ပွဲခံမည်သာ ဖြစ်ပါကြောင်း ဂရိဝန်ကြီးချုပ် အင်တိုနစ်ဆာမာရတ်က ပါလီမန်မဲခွဲအပြီးတွင် သတင်းထောက်များအား ပြောကြားလိုက်သည်။

ဂရိနိုင်ငံသည် ကြုံတွေ့နေရသည့် ငွေရေးကြေးရေး အကျပ်အတည်းမှ လွတ်မြောက်စေသည့် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိလာပြီဟု ဥရောပသမဂ္ဂ (အီးယူ)နှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) တို့မှ အရာရှိများက ဤလအစက သုံးသပ်ပြောဆိုခဲ့ကြသေးသည်။

သို့သော် ခြိုးခြံချွေတာရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်တိုင်း ဂရိနိုင်ငံ၌ တစ်ခါတစ်ရံတွင် အကြမ်းဖက်ဆန္ဒပြမှုများဖြစ်ပေါ်သည်။ ယူရိုဇုန်မှ စီးပွားရေးအခက်တွေ့သည့် နိုင်ငံများ၌ ပြဋ္ဌာန်းသည့် အခွန်တိုးမြှင့်ကောက်ခံမှုနှင့် အစိုးရ၏ အသုံးစရိတ်လျှော့ချမှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို မဖြစ်ပေါ်စေဘဲ အလုပ်လက်မဲ့ဦးရေသာ ပိုမိုများပြားလာသည်ဟု ဝေဖန်မှုများလည်းရှိသည်။

ကြွေးမြီပြဿနာ ကြုံတွေ့လာသည်မှာ ယူရိုဇုန်၌ ဂရိနိုင်ငံတစ်နိုင်ငံတည်းသာမဟုတ်ပေ။ နိုင်ငံတိုင်းတွင် သမိုင်းပေးတာဝန်အရ အခက်အခဲဟူသည် ရင်ဆိုင်ဖြေရှင်းရစမြဲပင်။ ဖွံ့ဖြိုးစည်ပင်စဉ်က ပြည်သူတစ်ရပ်လုံး မျှမျှတတခံစားစံစားခဲ့လျှင်မူ အကျပ်အတည်းကာလ၌ ပြည်သူတစ်ရပ်လုံး ရုန်းကန်ခြင်းဖြင့် ထိုအခက်အခဲကို အမြန်ကျော်လွှားနိုင်မည်သာ ဖြစ်သည်။

ဂရိဝန်ကြီးချုပ် အင်တိုနစ်ဆာမာရတ်ပြောသလို အဆုံးစွန်၌ အောင်ပွဲခံမည်သာ ဖြစ်ပါကြောင်း။

တစ်ဆင့်ခံဆေးလိပ်ငွေ့ ရှူရှိုက်ခြင်းနှင့် ကျန်းမာရေးအန္တရာယ်

တစ်ဆင့်ခံဆေးလိပ်ငွေ့များရှူရှိုက်သူ ဆယ်ကျော်သက်မိန်းကလေးများတွင် ကိုလက်စထရောမျှတမှုမရှိဘဲ နည်းပါးသွားနိုင်ခြေ များစွာရှိနေပြီး ယင်းကြောင့် နှလုံးရောဂါလည်း ခံစားရဖွယ်အလားအလာများရှိစေသည်။

ဩစတြေးလျအနောက်ပိုင်းတက္ကသိုလ်မှ ဆေးပညာရှင် ချီလီဟာ ဦးဆောင်သော သုတေသနအဖွဲ့က တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်မိသူ ဆယ်ကျော်သက်မိန်းကလေးများ၏ ကျန်းမာရေးအခြေအနေကို သုတေသနပြုကာ ဂျာနယ်တွင် ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

သွေးလည်ပတ်စီးဆင်းမှုတွင် HLD(high-density lipoproteins)ကိုလက်စထရောနိမ့်ကျမှုသည် ကျန်းမာရေးကို ထိခိုက်စေသည်။ HLD နည်းပါးခြင်းသည် သွေးကြောများကို ပိတ်ဆို့စေပြီး ကုသဖယ်ရှားရန်လည်း ခက်ခဲသည်။ နှလုံးရောဂါဘေးလျော့ပါးစေရေးတွင် HLD ကိုလက်စထရောသည် အဓိကကျသော အကြောင်းတစ်ရပ်ဖြစ်သည်ဟု သုတေသနအဖွဲ့က ဆိုသည်။

ဆယ်ကျော်သက်အရွယ်မိန်းကလေးငယ် ၁၀၅၇ဦးကို ၄င်းတို့အဖွဲ့က သုတေသနပြုလုပ်ခဲ့ကြသည်။ သန္ဓေသားဘဝ သီတင်းပတ်၁၈ပတ်မှ အသက် ၁၇နှစ်အရွယ်ကြား တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်နေရသူ ဆယ်ကျော်သက်များကို ခွဲခြားသုတေသနပြုပြီးနောက် ၄င်းတို့၏ ကိုလက်စထရောအဆင့်ကို စစ်ဆေးကာ၊ အဖြေထုတ်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ခြင်းနှင့် ပတ်သက်ပြီး အမေရိကန်ပညာရှင်တို့၏ သုတေသနရလဒ်တွင် အဆုတ်ကင်ဆာ၊ နှလုံးသွေးကြောဆိုင်ရာရောဂါများနှင့် အခြားသောရောဂါဘယများ၏ အရင်းခံအဖြစ် ဖော်ပြသည်။

ထိုသို့ တစ်ဆင့်ခံဆေးလိပ်ငွေ့အန္တရာယ်သည် ကလေးများတွင် စိတ်ပိုင်းဆိုင်ရာရောဂါရရှိမှု များစွာဖြစ်စေနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များကလည်း သုတေသနပြုဖော်ထုတ်ထားသည်။

မောင်သံဆင့်-ရေးသားသည်

နိုင်ငံတကာသတင်း

အီးယူနှင့် နေတိုးသို့ဂျော်ဂျီယာဝင်ရောက်ရေး အမေရိကန် အပြည့်အဝထောက်ခံပြောကြား

ဂျော်ဂျီယာနိုင်ငံအား မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)နှင့် ဥရောပသမဂ္ဂအီးယူသို့ ဝင်ရောက်ရေးဝါရှင်တန်က ထောက်ခံကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ထုတ်ဖော်ပြောကြားလိုက်သည်။ "ကျွန်တော်တို့အနေနဲ့ ဂျော်ဂျီယာနိုင်ငံကို နေတိုးနဲ့ ဥရောပသမဂ္ဂကိုဝင်ဖို့ အပြည့်အဝထောက်ခံပါတယ်" ဟု ဂျော်ဂျီယာသမ္မတ မီးခေးလ်ဘားကာရှက်ဗီလီနှင့် မေ ၁ ရက်က ပူးတွဲသတင်းစာ ရှင်းလင်းပွဲတစ်ရပ်ပြုလုပ်စဉ် ပြောကြားလိုက်သည်။

ထပ်လောင်းပြောကြား

ယခင် ဆိုဗီယက်သမ္မတနိုင်ငံဟောင်းကို နေတိုးနှင့် အီးယူအဖွဲ့ဝင်ဖြစ်ရေး ကူညီပေးကြပါရန် အောက်တိုဘာလတွင် သမ္မတရာထူးသက်တမ်းကုန်ဆုံးတော့မည့် ဘားကာရှက်ဗီလီက ကုလသမဂ္ဂသို့ ဆော်ဩတိုက်တွန်းလိုက်သည်။ ဂျော်ဂျီယာနိုင်ငံ ဒီမိုကရေစီနိုင်ငံဖြစ်ရေးနှင့် ဂျော်ဂျီယာပြန်လည်ရှင်သန်ရေးအတွက် အမေရိကန်၏ အထောက်အပံ့ အများကြီးလိုကြောင်း ဂျော်ဂျီယာသမ္မတက ထပ်လောင်းပြောကြားသည်။ ၂၀၀၈ ခုနှစ်က ရုရှားနှင့် စစ်ဖြစ်ခဲ့ပြီး သံတမန်ဆက်ဆံရေးပြတ်တောက်ကာ ရုရှားက ဂျော်ဂျီယာကို နေတိုးအဖွဲ့ဝင်ဖြစ်ရေးနှင့် အီးယူဝင်ရောက်ရေးဟန့်တားရန် ကြိုးစားသည်။ ဂျော်ဂျီယာက တောင်အော့ဆက်တီးယားဒေသကို လွတ်လပ်ရေးကြေညာရန် ကြိုးပမ်းမှုကြောင့် ထိုးစစ်ဆင်တိုက်ခဲ့ရာမှ ရုရှားနှင့်စစ်ဖြစ်ပွားခဲ့ရသည်။ တောင်အော့ဆက်တီးယားသည် ရုရှား၏ မဟာမိတ်ဖြစ်သည်။

အကျဉ်းချထားခြင်းခံရသော အိန္ဒိယသူလျှိုအား ပါကစ္စတန်အကျဉ်းသားများက ထုရိုက်သတ်ပုတ်

ပါကစ္စတန်တရားရုံးတစ်ရုံးက သူလျှိုလုပ်မှုဖြင့် အကျဉ်းချထားသော အိန္ဒိယနိုင်ငံသားတစ်ဦးသည် လွန်ခဲ့သော သီတင်းပတ်က ထောင်တွင်းအကျဉ်းသမားများ တိုက်ခိုက်မှုကြောင့် သေဆုံးသွားပြီဖြစ်ကြောင်း ဆေးဘက်ဆိုင်ရာတာဝန်ရှိသူများနှင့် ၎င်းတို့၏ ရှေ့နေကပြောကြားသည်။ ဘာရက်ဂျစ်ဆင်းဟုခေါ်သည့် အဆိုပါ အိန္ဒိယနိုင်ငံသားသည် ဧပြီ ၂၆ ရက်က လာဟိုးမြို့ ကော့တ်လက်ပတ်အကျဉ်းထောင်၌ အကျဉ်းသားများက အုတ်ခဲများဖြင့် ထုရိုက်သတ်မှုကြောင့် သေဆုံးသွားခဲ့သည်ဟုဆိုသည်။

ပြစ်မှုကျူးလွန်သူများအား ထိုက်သင့်သော ပြစ်ဒဏ်များပေးသင့်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း၏ရုံးက ပြောကြားသည်။ ၎င်းသည် ၁၉၉၀ ပြည့်နှစ်က ပါကစ္စတန်၌ သူလျှိုလုပ်မှုနှင့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုတို့ဖြင့် အကျဉ်းချထားခံရခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျတွင် ဆားရ်ရောဂါအသစ်ဖြစ်ပွား

ဆော်ဒီအာရေဗျနိုင်ငံတွင် ဆားရ်ဗိုင်းရပ်(စ်)ကဲ့သို့ ဗိုင်းရပ်(စ်)အသစ်ကူးစက်ခံရပြီး လူငါးဦး သေဆုံးသွားခဲ့ကြောင်း ဆော်ဒီအာရေဗျကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ သေဆုံးသူအားလုံးသည် ရေနံအလျှံပယ်ထွက်ရှိသည့် အက်ချ်ဆားပြည်နယ်တွင် ရောဂါကူးစက်ခံရပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းဗိုင်းရပ်(စ်)အသစ်ကို ဆော်ဒီအာရေဗျနိုင်ငံတွင် ၂၀၁၂ ခုနှစ် နှစ်လယ်လောက်က စတင်တွေ့ရှိခဲ့သည်ဟုဆိုသည်။ ၎င်းရောဂါဗိုင်းရပ်(စ်)သည် လွန်ခဲ့သော ၁၀ နှစ်က ဖြစ်ပွားခဲ့သော ဆားရ်ရောဂါနှင့် တူသည်ဟုဆိုသည်။ ယင်းဆားရ်ရောဂါဗိုင်းရပ်(စ်)သည် တိရစ္ဆာန်မှလူကို ကူးစက်ကြောင်း သိရသည်။

၂၀၀၃ခုနှစ်က တရုတ်နိုင်ငံတစ်ဝန်း ဖြစ်ပွားသော ဆားရ်ရောဂါသည် လူပေါင်း ၈၀၀ကျော် သေဆုံးခဲ့သည်ဟု ဆိုသည်။

မြင့်မောင်စိုး-ရေးသားသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ပလတ်စတစ်သုံးစွဲမှု ထိရောက်စွာ ပညာပေးဖို့လို

အောင်သူ(ရွှေတိုးမြေ)

မကြာသေးတဲ့ နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်းက နှစ်ဟောင်းက အညစ်အကြေးတွေဖယ်ရှားပြီး နှစ်သစ်မှာ သန့်သန့်ရှင်းရှင်းနေထိုင်ဖို့အတွက် ကျွန်တော်အိမ်ကို သန့်ရှင်းရေးလုပ်ခဲ့ပါတယ်။ အဲဒီလို သန့်ရှင်းရေးလုပ်ရာမှာ မီးဖိုခန်းသန့်ရှင်းရေးလုပ်တော့ ဈေးဝယ်တိုင်းရရှိခဲ့တဲ့ပလတ်စတစ်အိတ်တွေစုပေါင်းထည့်ထားတဲ့ ပီနံအိတ်ထုပ်ကြီးကိုတွေ့တယ်။ အဲဒီ ပလတ်စတစ်အိတ်ထုပ်ကြီးကို ဘယ်လိုစွန့်ပစ်ရမယ်ဆိုတာ ကျွန်တော်အကြိမ်ကြိမ်စဉ်းစားခဲ့ပေမယ့် အခုချိန်ထိအဖြေမရသေးပါဘူး။

ဒီပလတ်စတစ်အိတ်တွေနဲ့ ပတ်သက်လို့ ပညာပေးရုပ်သံအစီအစဉ်တွေ၊ ပညာပေးစာပေတွေ ကျွန်တော်ကြည့်ဖူး၊ ဖတ်ဖူးတာမို့ သူတို့ရဲ့အန္တရာယ်ကို ကျွန်တော်အတော်အသင့် သဘောပေါက်နားလည်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်ဈေးဝယ်တဲ့အခါ အိမ်ကနေ ထည့်စရာအိတ်တစ်လုံး သို့မဟုတ် ခြင်းယူသွားပါတယ်။ ဒါပေမယ့် အိမ်ပြန်ရောက်လို့ ဈေးခြင်းကို ရှင်းတဲ့အခါ ပလတ်စတစ်အိတ်အသေး ဆယ်လုံးဝန်းကျင်တော့ ထွက်လာသေးတာပါပဲ။ ဒါတောင်ပလတ်စတစ်အိတ်လျှော့ချရေးအတွက် အထိရောက်ဆုံးလို့ကမ္ဘာကလက်ခံကျင့်သုံးနေတဲ့ 5 R (Reject, Reduce, Reuse,Recycle, Replace) ကို ကျွန်တော်တတ်နိုင်သလောက် လိုက်နာဆောင်ရွက်ခဲ့ပါသေးတယ်။

ပထမဆုံး ကျွန်တော်ငြင်းပယ် (Reject) လုပ်ပါတယ်။ ဈေးဝယ်တဲ့အခါ မလိုအပ်တဲ့ပလတ်စတစ်အိတ် ထုပ်ပိုးမှုတွေကို ကျွန်တော်ငြင်းပယ်ပါတယ်။ ဥပမာ-ကော်ဖီမစ်၊ မုန့်ကြွပ်၊ သွားတိုက်ဆေး၊ ကြက်သွန်၊ အာလူးစတဲ့ ခြင်းထဲ သို့မဟုတ် မိမိယူလာတဲ့အိတ်ထဲမှာ ထည့်လို့ရတဲ့ ကုန်ခြောက်နဲ့ မူလ ထုပ်ပိုးပြီးဖြစ်တဲ့ ပစ္စည်းတွေကိုထပ်ဆင့်ထုပ်ပိုးပေးတဲ့ ပလတ်စတစ်အိတ်တွေ ကျွန်တော်ငြင်းပါတယ်။ တချို့ဆိုင်တွေမှာ ငြင်းလို့ရပေမယ့် တချို့ဆိုင်တွေမှာမရပါဘူး။ တချို့ဆိုင်တွေက ဈေးဝယ်သူများတော့ ဝယ်တဲ့ပစ္စည်းကို ပလတ်စတစ်အိတ်နဲ့ ထုပ်ပြီးသားကို ငွေရှင်းပြီးလို့ သတ်မှတ်ပြီး မထုပ်ရသေးတာကို ငွေမရှင်းရသေးဘူးလို့ သတ်မှတ်တာကြောင့် မလိုအပ်ဘဲ ပလတ်စတစ်အိတ်ထုပ်ပိုးမှုကို ကျွန်တော့အနေနဲ့ ငြင်းလို့မရပါဘူး။

နောက်တစ်ချက်အနေနဲ့ ပြန်သုံး (Reuse) လုပ်ဖို့ ကျွန်တော်ကြိုးစားကြည့်ပါတယ်။ စောစောကပြောသလို မလွှဲမရှောင်သာဘဲ အိမ်ကိုပါလာတဲ့ ပလတ်စတစ်အိတ်တွေကို ပြန်သုံးနိုင်ဖို့အတွက် ဈေးကပြန်ရောက်တဲ့အခါ မပေသေးတဲ့အိတ်တွေကသပ်သပ်၊ အနည်းငယ်ပေတာနဲ့ အလွန်အမင်းပေတာတွေကို သီးခြားစီခွဲခြားထားပါတယ်။ ကျွန်တော့်စိတ်ကူးက မပေသေးတာတွေကို ဈေးသည်တွေကိုပြန်ပေးမယ်၊ အနည်းငယ်ပေတာတွေကို အိမ်မှာ ထည့်စရာလိုတဲ့အခါပြန်သုံးပြီး အလွန်အမင်းပေတာတွေကိုတော့ အမှိုက်ပစ်စရာအိတ်လုပ်ဖို့ပါ။ ဒုတိယနဲ့တတိယနှစ်မျိုးက အဆင်ပြေပေမယ့် ပထမဆုံးတစ်ခုက အဆင်မပြေပြန်ပါဘူး။ ဈေးသည်တွေကပြောတယ် "တချို့ဈေးဝယ်တွေက အိတ်အဟောင်းနဲ့ထည့်ပေးရင်မယူချင်ကြဘူး"တဲ့။ "ပေမှ မပေတာဘဲ" လို့ ကျွန်တော်ပြောတော့ "မပေပေမယ့် ပါကင်ထုပ်ထဲက အိတ်မဟုတ်ရင် တချို့က မလိုချင်ကြဘူး"ဆိုပြီး ကျွန်တော်ပြန်ပေးတဲ့အိတ်တွေကို မယူကြပြန်ဘူး။

ပလတ်စတစ်အိတ်တွေကို လျှော့သုံး (Reduce)ဖို့ အထက်ကနည်းတွေကို ကြိုးစားကြည့်ပေမယ့် မအောင်မြင်တာကြောင့် ဈေးကပါလာတတ်တဲ့ ပလတ်စတစ်အိတ်တွေကို အိမ်မှာပဲသိမ်းထားခဲ့တာ ခုဆိုပီနံအိတ်တစ်လုံးရှိနေပါပြီ။ ဒါတွေကို အလွယ်တကူလွှင့်ပစ်ရမှာလည်း ကျွန်တော်နှမြောမိပါတယ်။ သူ့ရဲ့ တန်ဖိုးကြောင့် နှမြောတာမဟုတ်ပါဘူး။ တကယ်လို့သာ ကျွန်တော်ပြီးလွယ်စီးလွယ် လွှင့်ပစ်လိုက်ရင် ပလတ်စတစ်အမှိုက်တွေတိုးပွားပြီး သက်ရှိတို့ ကျန်းမာရေးနဲ့ ပတ်ဝန်းကျင်ကိုထိခိုက်စေတော့မှာဖြစ်တာကြောင့် သူတို့ကို ပြုပြင်သုံးစွဲ (Recycle)ဖို့ ကျွန်တော်စဉ်းစားနေဆဲပါ။

ဒီပလတ်စတစ်အိတ်တွေက ထုပ်ပိုးရတာလွယ်ကူတာကလွဲပြီး သက်ရှိတွေနဲ့ သဘာဝပတ်ဝန်းကျင်အတွက် ကောင်းကျိုးမပြုနိုင်ပါဘူး။ မြင်သာတဲ့ဥပမာတစ်ခုကတော့ လေတိုက်တိုင်းလွင့်နေတာမို့ ပတ်ဝန်းကျင်အလှကိုညစ်နွမ်းစေတာပါပဲ။ ကြေပျက်ခဲ့တဲ့ ဒီပလတ်စတစ်အိတ်အမှိုက်တွေက မြေဆီလွှာကို ထိခိုက်ပျက်စီးစေတာကြောင့် အပင်ရှင်သန်မှုကို ထိခိုက်စေပါတယ်။ ဒါ့အပြင် လူနဲ့သက်ရှိတို့အတွက် ဆိုးရွားတဲ့ကျန်းမာရေးအခြေအနေတွေကို ဖြစ်ပေါ်စေပါတယ်။

ဓာတုဆိုးဆေးများပါဝင်တဲ့ ပလတ်စတစ်အိတ်များနှင့်စားသောက်စရာများကို သယ်ဆောင်တဲ့အခါ ကျန်းမာရေးကိုထိခိုက်စေကြောင်း အသိပညာပေးမှုတွေရှိခဲ့တာကြောင့် ၂၀၀၉ ခုနှစ်ဝန်းကျင်မှစပြီး အရောင်စုံကြွပ်ကြွပ်အိတ်များ ပျောက်ကွယ်ခဲ့ပေမယ့် အဖြူရောင်ပလတ်စတစ်အိတ်များကတော့ မင်းမူနေဆဲဖြစ်သလို သုံးစွဲမှုကလည်း လျော့နည်းမသွားခဲ့ပါဘူး။ အဲဒီပလတ်စတစ် အစားထိုးစက္ကူအိတ်များအသုံးပြုဖို့ ပညာပေးဆောင်ရွက်ခဲ့ပေမယ့် တန်ဖိုးကြီးမြင့်မှုကြောင့် အောင်မြင်မှုမရခဲ့ပါဘူး။ ဈေးရုံတွေနဲ့ နံရံတွေ၊ တိုင်တွေနဲ့ဆိုင်ခန်းတွေမှာ No Plastic Bag ဆိုတဲ့ စတေကာတွေ ကပ်ထားပေမယ့် လူတိုင်းအင်္ဂလိပ်စာ မဖတ်တတ်နိုင်တာနဲ့ ပလတ်စတစ်အိတ်ရဲ့ ဆိုးကျိုးတွေကို သိရှိစေခြင်းမရှိတာကြောင့် သုံးမြဲသုံးနေဆဲပါ။

ပလတ်စတစ်သုံးစွဲမှုနဲ့ပတ်သက်လို့ ပြည်သူတွေကြား အသိပညာတွေ မြှင့်တင်ဆောင်ရွက်ပေးဖို့ လိုအပ်နေပါသေးတယ်။ ပလတ်စတစ်အိတ်သုံးစွဲခြင်းရဲ့အပြစ်တွေ၊ သုံးစွဲမှုတွေကို ဘယ်လိုလျှော့ချရမယ်၊ ဘာကြောင့်လျှော့ချရမယ်ဆိုတာတွေကို လူတိုင်းနားလည်လွယ်၊ လက်ခံလွယ်အောင် အသိပညာပေးနိုင် ဖို့လိုပါတယ်။ တစ်ဦးချင်းက နားလည်လိုက်ပါဆောင်ရွက်ကြရင် ပလတ်စတစ်အိတ်သုံးစွဲမှုကို ထိရောက်စွာလျှော့ချနိုင်ပြီး ကျန်းမာတဲ့ဘဝနဲ့ သာယာတဲ့သဘာဝပတ်ဝန်းကျင်ကို ထိထိရောက်ရောက် ထိန်းသိမ်းစောင့်ရှောက်နိုင်မှာ ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

တရားမဝင် ဓာတ်ဆီနှင့် စားကုန်များ ဝေါ၌ ဖမ်းဆီးရမိ

ဝေါ မေ ၂

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်းတံတား အဟောင်းအသစ်ဆုံရာ မဟာဗျူဟာလမ်းဆုံတွင် မေ ၂၄ ရက် နံနက် ၉ နာရီခွဲက Mobile Team လရ-၂ ပူးပေါင်းအဖွဲ့သည် မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသော မော်တော်ယာဉ်များကို ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်း အောင်မင်းဦး မောင်းနှင်လာသော ယာဉ်အမှတ်၄င/. . မှ လောင်စာဆီ (ဓာတ်ဆီ) ဂါလန် ၂၄၀၀၊ ကာလတန်ဖိုးငွေကျပ် ၉၆၀၀၀၀ကို စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ အစစ်ဆေးခံပြသနိုင်ခြင်းမရှိသည့်အတွက် လည်းကောင်း၊ မေ ၂၅ ရက်က ပိုင်ရှင်ဒေါ်အုန်းသန်းပိုင်ဆိုင်သော Deedo အချိုရည် ၆၇ ဖာ၊ ရေမွှေးနှစ်ဖာ ကာလတန်ဖိုးငွေကျပ် ၁၁၉၉၀၀၀ကို ယာဉ်အမှတ် ၂ခ/. . . မှန်လုံယာဉ်ပေါ်တွင် စစ်ဆေးတွေ့ရှိရသည့်အတွက် လည်းကောင်း၊ ယာဉ်အမှတ်၉ခ/. . မှန်လုံယာဉ်ပေါ်တွင် ပိုင်ရှင် ကိုနန္ဒပိုင်ဆိုင်သော

စားဆီ ၄၇ ဖာသုံးဘူး၊ Snow Tower ၁၁ ဖာ၊ အချိုရည် ၁၈ကတ် ကိုးဘူး၊ ကာလတန်ဖိုးငွေကျပ် ၁၁၈၈၅၀၀ ကို စစ်ဆေးတွေ့ရှိရသည့်အတွက် လည်းကောင်း ယာဉ်မောင်း သီဟန်ထွန်း မောင်းနှင်လာသော ယာဉ်အမှတ်၈ည/. . ၁၂ဘီး ယာဉ်ပေါ်တွင် ပုစွန်ဆီ (1×18L)၅၀၀ပုံး၊ ကာလတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀ကို စစ်ဆေးတွေ့ရှိသည့်အတွက် အမှုဖွင့်အရေးယူခဲ့ရကြောင်းသတင်းရရှိသည်။

(အပေါ်ပုံ) ဘုန်းသော်(ဝေါ)

လမ်းတံတားပျက်စီးမှု ပြုပြင်ပေးရန်လိုအပ်

မိုးကောင်း မေ ၂

မြစ်ကြီးနား-ရွှေဘိုပြည်ထောင်စုလမ်းသို့ ဆက်သွယ်သွားလာနိုင်သည့် မိုးကောင်းမြို့နယ် ကျွန်းပင်သာ-ရေရှင်ကျေးလက်လမ်းသည် အချို့နေရာများတွင် ပျက်စီးနေပြီး လမ်းပေါ်ရှိကွန်ကရစ်အုတ်ခုံခံသစ်သားတံတားသည် ဖြတ်သန်းအသုံးပြု၍ မရတော့လောက်အောင် ပျက်စီးယိုယွင်းနေသဖြင့် လာမည့် မိုးရာသီမရောက်မီ ပြုပြင်ဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက မျှော်လင့်နေကြသည်။

အဆိုပါလမ်းသည် အရှည်သုံးမိုင်ကျော်ခန့်ရှိပြီး ကျေးရွာအုပ်စုများမှ ပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားရေးတို့အတွက် အားကိုးအားထားပြုနေရသည့် လမ်းဖြစ်ကြောင်း သိရသည်။ **(ဝ၆၂)**

မြန်ပြည်တစ်ခွင်သာစေချင် မီးတွင်းမပေါ့နှင့်
ရန်သူမီးဘေးတားဆီးရေး မနှေးဆောင်ရွက်ကြ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

ရွှေဈေးနှုန်း

ရန်ကုန် မေ ၂

အကယ်ဒမီအခေါက်ရွှေ	တစ်ကျပ်သား	၇၀၈၀၀၀
၁၅ ပဲရည်အောင်သမာဓိ	တစ်ကျပ်သား	၆၇၀၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး

(က)	အမေရိကန်ဒေါ်လာ	(တစ်ဒေါ်လာ)	၈၈၇ ကျပ်
(ခ)	ယူရို	(တစ်ယူရို)	၁၁၆၄ ကျပ်
(ဂ)	စင်ကာပူ	(တစ်ဒေါ်လာ)	၇၁၆ ကျပ်
(ဃ)	တရုတ်	(တစ်ယွမ်)	၁၃၇ ကျပ်
(င)	ထိုင်း	(တစ်ဘတ်)	၂၈. ၅ ကျပ်
(စ)	အိန္ဒိယ	(တစ်ရူပီး)	၁၆ ကျပ်

စက်သုံးဆီဈေးနှုန်းများ

(က)	ဓာတ်ဆီ	(တစ်လီတာ)	၈၆၀ကျပ်
(ခ)	ဒီဇယ်ဆီ	(တစ်လီတာ)	၈၀၀ကျပ်
(ဂ)	အောက်တိန်း ၉၂	(တစ်လီတာ)	၈၆၀ကျပ်
(ဃ)	အောက်တိန်း ၉၅	(တစ်လီတာ)	၁၀၇၀ကျပ်

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း

စဉ်	အမျိုးအမည်	ဈေးနှုန်း
၁။	ငါးကြင်း	၃၀၀၀-၃၂၀၀
၂။	ငါးခူ	၂၄၀၀-၅၅၀၀
၃။	ငါးမြစ်ချင်း	၁၅၀၀-၂၃၀၀
၄။	ငါးကျည်း	၂၃၀၀-၅၀၀၀
၅။	ငါးရံ့	၂၅၀၀-၅၅၀၀
၆။	ပုစွန်တုပ်	၉၅၀၀-၃၀၈၀၀
၇။	ပုစွန်(ရေချို)	၄၀၀၀-၈၀၀၀
၈။	ကြက်	၄၅၀၀-၉၀၀၀
၉။	ဝက်	၄၈၀၀-၈၀၀၀
၁၀။	အမဲ	၃၈၀၀-၆၀၀၀
၁၁။	ဆိတ်	၉၀၀၀-၁၄၀၀၀
၁၂။	ငါးဖယ်	၆၀၀၀-၉၀၀၀

ခင်ရတနာ-စုစည်းသည်

ဘုရင့်နောင်ကုန်စည်ဈေးနှုန်း

၁။	နွေဆန်	(အိတ်)	၁၆၃၀၀-၁၆၅၀၀
၂။	ပေါ်ကျွဲ	(အိတ်)	၁၈၅၀၀-၁၉၀၀၀
၃။	ပေါ်ဆန်း	(အိတ်)	၂၁၅၀၀-၂၈၀၀၀
၄။	စားအုန်းဆီ	(ပိဿာ)	၁၄၁၀
၅။	မြေပဲဆီ	(ပိဿာ)	၃၉၀၀
၆။	ဆိပ်ဖြူကြက်သွန်နီ	(ပိဿာ)	၄၂၅-၄၃၅
၇။	ရှမ်းကြက်သွန်ဖြူ	(ပိဿာ)	၁၂၀၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	(ပိဿာ)	၁၇၂၅
၉။	ဟဲဟိုးအာလူး	(ပိဿာ)	၄၅၀-၅၀၀
၁၀။	ဝါးခယ်မငရုတ်ရှည်	(ပိဿာ)	၁၇၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	(ပိဿာ)	၄၀၀၀-၄၅၀၀
၁၂။	သကြား	(ပိဿာ)	၈၅၀-၉၅၀

ကုန်စည်ဒိုင်လက်ကားဈေးနှုန်းများဖြစ်ပြီး အချိန်နှင့်အမျှပြောင်းလဲတတ်ပါသည်။ **ခင်ဆိုင်**

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စင်ကာပူသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စင်ကာပူသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Dr. Ng Eng Hen ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chuaနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နိုင်ရေး စင်ကာပူနိုင်ငံမှ ကူညီဆောင်ရွက်ပေးမည့် ကိစ္စရပ်များ၊ ၂၀၁၃ ခုနှစ် အာဆီယံ (ကြည်း) တပ်ဦးစီးချုပ်များ အစည်းအဝေး၊ အာဆီယံ သေနတ်ပစ်ပြိုင်ပွဲကျင်းပရေး၊ ၂၀၁၄ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် အာဆီယံ ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေးကျင်းပနိုင်ရေးကိစ္စရပ်များ၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စင်ကာပူသမ္မတနိုင်ငံကာကွယ်ရေးဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် စင်ကာပူသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့သည် အပြန်အလှန်အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်၍ ဧည့်ခံဖျော်ဖြေသော မြဝတီတေးဂီတနှင့် အငြိမ့်အဖွဲ့အား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Dr. Ng Eng Hen အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်ဌာနများနှင့် ညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂

ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အစီရင်ခံစာ တင်သွင်းနိုင်ရန်အတွက် ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် ဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင် အမှတ်(၃)၌ ကျင်းပရာ **(အပေါ်ဝဲပုံ)** အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်က ပြည်သူ့လွှတ်တော် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့်ပဉ္စမအကြိမ် ပုံမှန်အစည်းအဝေးများတွင် ကတိပြုခဲ့သော မေးခွန်းများ၊ အတည်ပြုခဲ့သော အဆိုများနှင့် ကြယ်ပွင့်မပြ စာဖြင့် မေးသော မေးခွန်းများ၏ မပြီးပြတ်သေးသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဦးသန်းမြင့်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းသန်း၊ ဦးသန်းနွယ်၊ ဦးလှထွန်းဦး၊ ဦးကိုကိုလွင်၊ ဦးသန်းထွန်း၊ ဒေါ်ခင်စောဝေနှင့် ဒေါ်ခင်သန္တာတို့က ကျင်းပပြီးစီးခဲ့သည့် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ကတိပြုခဲ့သော မေးခွန်းများ၊ အဆိုများ၏ မပြီးပြတ်သေးသောလုပ်ငန်းများ၊ စာဖြင့်မေးသော မေးခွန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဇင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ဇင်းနောက် ကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်က ဝန်ကြီးဌာနများ၏ တင်ပြ ဆွေးနွေးမှုများအပေါ် ပြန်လည် သုံးသပ်ဆွေးနွေးပြောကြားပြီး ကျင်းပပြီးစီးခဲ့သည့် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ကတိပြုခဲ့သော မေးခွန်းများ၊ အဆိုများ၊ စာဖြင့် မေးသောမေးခွန်းများ၏ မပြီးပြတ်သေးသည့် လုပ်ငန်းများကို ပြီးပြတ်အောင် ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်၊ ကော်မတီအတွင်းရေးမှူး၊ ကော်မတီအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ရုံးအဖွဲ့မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ် နေအိမ်အဆောက်အအုံများ ပျက်စီး

နေပြည်တော် မေ ၂

ဧပြီ ၃၀ ရက် ည ၁၀ နာရီခွဲခန့်တွင် ရှမ်းပြည်နယ် မောက်မယ်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်မှုကြောင့် မောက်မယ်မြို့၏မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဟိုလွိုင်ကျေးရွာအုပ်စု နားလောကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ သွပ်မိုး၊ အုတ်ကာ တစ်ထပ်ပေ(၁၂၀×၃၀) ကျောင်း၏ မြောက်ဘက်ခြမ်း သုံးပုံ တစ်ပုံခန့် ပြိုကျပျက်စီးခဲ့ပြီး မောက်မယ်-မိုးနဲ ကားလမ်း၏အမြင့် တစ်ပေခွဲ၊ အကျယ် ၂၅ ပေခန့်ရှိ နေရာသုံးနေရာ တောင်ကျချောင်းရေလျှံတက်သဖြင့် ယာဉ်များသွားလာမှု ရပ်တန့်ခဲ့ရသည်။ မေ ၁ ရက် နံနက် ၉ နာရီက အဆိုပါနေရာသို့ မောက်မယ်မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများရောက်ရှိလာပြီး လမ်းအားပြုပြင်ခဲ့ရာ ည ၇ နာရီတွင် လမ်းပြန်ပွင့်ပြီး ကားများပုံမှန်သွားလာလျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် မေ ၁ ရက် ညနေ ၄ နာရီက ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နန့်ကျင်နီချောင်းအနီး တောင်ယာလုပ်ကိုင်ရာမှ စီသောကျေးရွာသို့ပြန်လာသည့် မကွေးတိုင်းဒေသကြီး စကုမြို့နယ် ဒါးမနိုင်ကျေးရွာနေ အေးလှိုင်ပါ သုံးဦးမှာ သစ်ပင်လဲကျရာမှ သစ်ပင်ကိုင်းဖျားများရိုက်မိခဲ့သည်။ သစ်ပင်ကိုင်းဖျားရိုက်မိမှုကြောင့် အေးလှိုင်(၃၇)နှစ် ဝဲ/ယာ ရင်ဘတ်အောင့်၊ လက်နှစ်ဖက်နာကျင်ဒဏ်ရာ၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ ညောင်လေးပင် ရပ်ကွက်နေ ထွန်းလင်းကျော် (၃၈နှစ်) တွင် ဝဲလက်ဖျံနှင့် ဝဲဘက်ရင်အုံနာကျင်၊ ဝဲနံရိုးကျိုးဒဏ်ရာနှင့် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျောင်းစုကျေးရွာနေ ညီဖြိုးအောင် (၃၀နှစ်) တွင် ဝဲပါး၊ ဝဲနားထင်ပွန်းပဲ့ ဒဏ်ရာများရရှိခဲ့သဖြင့် ရွှေကူပြည်သူ့ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။

အလားတူ မေ ၁ ရက် ည ၇ နာရီ ၃၅ မိနစ်မှ ၈ နာရီ ၁၀ မိနစ်အထိ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်း လေပြင်းများ တိုက်ခတ်မှုကြောင့် မြစိမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ အလျား ပေ ၁၄၀၊ အနံ ပေ ၃၀၊ အမြင့် ၂၃ ပေခန့်ရှိ နှစ်ထပ်ကျောင်းဆောင်၏ သွပ်မိုးများလန်၍ လေလွင့်ခဲ့သဖြင့် တန်ဖိုးငွေကျပ် သိန်း ၅၀ ခန့် ပျက်စီးဆုံးရှုံးပြီး လက်ပန်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၏ အလျား ၆၃ ပေ၊ အနံ ၂၇ ပေ၊အမြင့် ၁၂ ပေခန့်ရှိ တစ်ထပ်ကျောင်းဆောင် မြောက်ဘက် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိ ရသည်။

ထို့အတူ မေ ၁ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် အင်းတော်မြို့နယ် လယ်ပြင်ကျေးရွာတွင် မိုးသည်းထန်စွာရွာသွန်းနေစဉ် ၄င်းရွာနေ စိုးနိုင်(၃၈နှစ်)သည် နေအိမ်အောက်ထပ်၌ ထမင်းစားရင်း ရေဒီယိုကိုင်၍ နားထောင်နေရာမှ မိုးကြိုးစက်ကွင်းထိမှန်သေဆုံးသွားသဖြင့် အင်းတော်ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(စာနည်း)**

လေပြင်းတိုက်ပြီးမိုးရွာ

ရေစကြို မေ ၂

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် မေ ၂ ရက် ညနေ ၅ နာရီခွဲခန့်မှစ၍ လေပြင်းများ တိုက်ခတ်ခဲ့ရာ နာရီဝက်ခန့်ကြာမြင့်ခဲ့ပြီးနောက် မိုးရွာခဲ့ရာ ဝ ဒသမ ၅ လက်မဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရှိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် မြို့ပေါ်တွင်အပျက်အစီးများ မရှိသော်လည်း ရေစကြိုမြို့နှင့် ငါးမိုင်ခန့်အကွာ ကံသစ်ကျေးရွာတွင် ဘုရားစေတီပျက်ကျခြင်း၊ အိမ်အမိုးလန်ခြင်း၊ ပြိုခြင်း၊ သစ်ပင်သစ်ကိုင်းများ လဲပြိုခြင်းစသည့် အပျက်အစီး အချို့ရှိခဲ့ကြောင်း ကနဦးသတင်းအရ သိရှိရသည်။ မြို့ပေါ်တွင်လျှပ်စစ်ဓာတ်အားများ ပြတ်တောက်လျက်ရှိသည်။ ယခုကဲ့သို့ ရွာသွန်းခဲ့သောမိုးမှာ မြို့နယ်အတွင်း ပျံ့ပျံ့နှံ့နှံ့ ရွာသွန်းခဲ့ကြောင်း ကျေးရွာများသို့ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းချက်အရသိရှိရပြီး ဒေသအနှံ့တွင် စိုက်ပျိုးထားသော နှမ်းပဲတီစိမ်းများ၊ နှမ်းနှမ်းများ၊ CP အစေ့ထုတ်ပြောင်းများနှင့် နှမ်းစပါးများအတွက် များစွာအထောက်အကူဖြစ်ကြောင်း သိရှိရသည်။

(ဖေထွဏ်းဇော်-ရေစကြို)

ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် အတွင်း မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၂

ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်က ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် မဟာစည်သာသနာ့ရိပ်သာလမ်း အမှတ် ၄၅ အေ နှစ်ထပ်တိုက်အပေါ်ထပ်တွင် မီးလောင်မှုဖြစ်နေကြောင်း ပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်သူရ (ရေး/ထောက်)ဦးဆောင်သော ကွပ်ကဲမှုယာဉ်လေးစီးဖြင့် မြို့နယ်ပေါင်းစုံမှ မီးငြိမ်းသတ်ရေးယာဉ် ၂၄ စီးတို့က စုပေါင်းငြိမ်းသတ်ခဲ့ရာ **(ယာပုံ)** မွန်းလွဲ ၁ နာရီတွင် မီးအရှိန်ကိုထိန်းနိုင်ခဲ့ပြီး မွန်းလွဲ ၁ နာရီ ၃ မိနစ်တွင် ငြိမ်းသတ်နိုင်ခဲ့သည်။

အမှုဖွင့်အရေးယူ

မီးလောင်မှု အကြောင်းအရင်းမှာ တိုက်အပေါ်ထပ် အခန်းတွင်း မျက်နှာကြက်၌တပ်ဆင်ထားသော မီးချောင်းချပ် အပူလွန်ကဲရာမှ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဧပြီ ၂၉ ရက် နံနက်ကလည်း ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် ကိုယ့်မင်းကိုယ်ချင်းလမ်းအတွင်း၌လည်း တိုက်အပေါ်ထပ်၌ ဆေးရုံသုံးပစ္စည်းအဟောင်းများထားရှိသည့် အခန်းသို့ ဆက်သွယ်ထားသော အပေါ်ထပ်လှေကားပေါက်အနီးတွင် အမွှေးတိုင် မီးပူဇော်ထားရာတွင်

အမွှေးတိုင်ဆိုဖာဆက်တီခုံပေါ်သို့ ပြုတ်ကျရာမှ မီးလောင်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ ဗဟန်းမြို့နယ်အတွင်း တစ်ပတ်တည်း၌ နှစ်ကြိမ် မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ကိုကြီးတင်)**

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လာကြသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဧည့်သည်တော်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

◆ ကျောဖုံးမှ

အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကိုပါ ထုတ်လုပ်ခြင်း၊ တန်ဖိုးမြှင့်ခြင်းနှင့် ပြည်ပ တင်ပို့ခြင်း ကွင်းဆက်အတွင်း၌ ပေါင်းစည်းပေးနိုင်ရန် လိုအပ်ပါကြောင်း။

ပို့ကုန် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အသုံးချနိုင်သည့် ရှားပါး သယံဇာတများအား ဦးစားပေး အစီအစဉ်များအလိုက် ခွဲဝေသတ်မှတ်မှုကို အာမခံချက်ပေးနိုင်သည့် လမ်းညွှန်ချက် ဖော်ထုတ်ခြင်းနှင့် နှစ်ဦးနှစ်ဖက် သဘောတူညီထားသည့် ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အများပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများအကြား မိတ်ဖက်အဖြစ် အတူတကွ အလုပ်လုပ်နိုင်သည့် မူဘောင်ဖော်ထုတ်ခြင်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံခြားငွေရရှိမှု၊ အလုပ်အကိုင် ဖန်တီးပေးနိုင်မှု၊ ဆင်းရဲမှု လျှော့ချရေး၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှု၊ ကျား၊ မ တန်းတူညီမျှမှု၊ အားလုံးပါဝင်ခံစားနိုင်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်နိုင်မှု စသည့် ရှုထောင့်အသီးသီးမှ နိုင်ငံတော်၏ လူမှုစီးပွားဘဝ တိုးတက်မှုအား ပို့ကုန်ကဏ္ဍမှ အထောက်အကူပေးနိုင်မှုကို အထူးအလေးထားရန် လိုအပ်ပါကြောင်း။

ယှဉ်ပြိုင်နိုင်စွမ်း၊ ဈေးကွက်ထိုးဖောက်မှု၊ ပို့ကုန်တိုးတက်ဖွံ့ဖြိုးမှု၊ ပို့ကုန်မြှင့်တင်မှုများကို အစီအမံရှိရှိ အကောင်အထည်ဖော်ရင်း ရလဒ်ကို စောင့်ကြည့်အကဲဖြတ်သည့် စွမ်းဆောင်ရည် စီမံခန့်ခွဲမှုပါဝင်သော အမျိုးသားပို့ကုန် မဟာဗျူဟာ တန်ဖိုးကွင်းဆက်ကို အခိုင်အမာ ဖွဲ့စည်းထူထောင်ပေးနိုင်ရန်လည်း လိုအပ်ပါကြောင်း။

ပြည်သူလူထု တစ်ရပ်လုံး၏ လူမှုစီးပွားဘဝ အရည်အသွေး တိုးတက်စေနိုင်မည့် ယခုကဲ့သို့ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ပြည်တွင်းလူမှုစီးပွား နယ်ပယ်အသီးသီးမှ အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများ သာမက အပြည်ပြည်ဆိုင်ရာမှ အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်း အသီးသီးများက ပူးပေါင်းပါဝင် ဆောင်ရွက်မှသာလျှင် ထိရောက်အောင်မြင်နိုင်မည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန် မြှင့်တင်ရာတွင် နိုင်ငံတကာအသိုင်းအဝိုင်း၏ အသိပညာ ဗဟုသုတ၊ အတွေ့အကြုံနှင့် အရင်းအမြစ်များကို အသုံးပြုနိုင်ရန် လိုအပ်ကြောင်း၊ အစိုးရအနေဖြင့် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ခိုင်မာသော လုပ်ဆောင်ချက်များဖြင့် ထိရောက်မှုရှိစေမည့် နေပြည်တော် သဘောတူညီချက်ကိုလည်း အတည်ပြုထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတက မိမိတို့အစိုးရသည် ပြည်သူရွေးချယ်ထားသော ပြည်သူ့အစိုးရ ဖြစ်သည့်အတွက် အကောင်အထည်ဖော်မည့် လုပ်ငန်းတိုင်းတွင် ပြည်သူ့အကျိုးစီးပွား၊ပြည်သူ့မျှော်မှန်းချက်၊ ပြည်သူ့ဆန္ဒများနှင့်ကိုက်ညီရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအသီးသီးမှ ပြည်သူဗဟိုပြု အကောင်အထည်ဖော်နေသည့် ကဏ္ဍအသီးသီးကို ပို့ကုန်မဟာဗျူဟာတွင် ထည့်သွင်းရေးဆွဲနိုင်ရန် လိုအပ်ပါကြောင်း၊ ထုတ်လုပ်မှု၊ အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက် ရရှိရေးအတွက် ဦးတည်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လယ်ယာကဏ္ဍ သက်သက်တစ်ရပ်သာမကဘဲ စက်မှုလုပ်ငန်းများထူထောင်ပြီး နိုင်ငံတကာဈေးကွက်သို့ မိမိနိုင်ငံ၏ ထုတ်ကုန်များ တင်ပို့ပေးနိုင်ရေးကိုလည်း အထူးစီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်နိုင်ရန် ယခုကဲ့သို့အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်း၏ အကူအညီများ ရယူဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ ရည်မှန်းချက်များ ပိုမိုပေါက်မြောက်အောင်မြင်နိုင်မည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဆောင်ရွက်ရာတွင် ပေးရန်ပြင်ဆင်နေပြီဖြစ်ပါကြောင်း၊ အဆိုပါ စီးပွားရေးသံမှူးများ အနေဖြင့် တစ်ကမ္ဘာလုံးရှိ စီးပွားရေး သတင်းအချက်အလက်များ စုဆောင်းပေးပို့ပြီး ပို့ကုန်မြှင့်တင်ရေးကို အထောက်အကူပြုသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံအတွက် ထူးခြားသောအခွင့်အလမ်း တစ်ရပ်ဖြစ်သည့် နှစ်ပေါင်းရှည်ကြာစွာ စီးပွားရေး ပိတ်ဆို့ထားခဲ့သည့် ဥရောပသမဂ္ဂသည်လည်း မကြာမီကပင် ပိတ်ဆို့မှုမှဖြေလျှော့ပေးလိုက်ပြီဖြစ်သဖြင့် ကြီးမားသည့် ဥရောပဈေးကွက်ကို မြန်မာ့ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်တော့မည် ဖြစ်ပါကြောင်း၊ အဆိုပါ အခွင့်အရေးများအား ထိထိရောက်ရောက်အသုံးချနိုင်ရန် မည်သည့်ကုန်စည်အား မည်သည့် နိုင်ငံသို့ ဦးတည်တိုးမြှင့်တင်ပို့ရမည်ကို ပို့ကုန်မဟာဗျူဟာတွင် စနစ်တကျ ထည့်သွင်းရေးဆွဲသွားရမည် ဖြစ်ပါကြောင်း။

ယခုရေးဆွဲမည့် ပို့ကုန်မဟာဗျူဟာသည် အကြိုညှိနှိုင်းခြင်း၊ အသေးစိတ်ဆွေးနွေးခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း စသည့် အဆင့်(၄)ဆင့်ဖြင့် အကောင်အထည်ဖော်သွားမည်ဟု သိရှိရပါကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် အပြည်ပြည် ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနတို့၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်အတွက်သိသာထင်ရှားသည့် ပို့ကုန်ကဏ္ဍတိုးတက်မှုများရရှိမည်ဟု ယုံကြည်ပါကြောင်း၊ ရရှိအောင်လည်း ကြိုးစားကြရန် ပါဝင်ဆောင်ရွက်ကြသူအားလုံးကို လေးလေးနက်နက် တိုက်တွန်းလိုပါကြောင်းဖြင့် တစ်ဆက်တစ်စပ်တည်း မှာကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အခြေစိုက် International Trade Centre(ITC) မှ Seni or Officer Mr. Darius Kurek တို့က လုပ်ငန်းစီမံချက် ဖွင့်ပွဲအခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် အကြောင်းအရာအချက်အလက်များအပေါ် ရှင်းလင်းပြောကြားကြသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ International Trade Centre (ITC) နှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ပြည်တွင်းသတင်းဂျာနယ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လာကြသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဧည့်သည်တော်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာရေးဆွဲခြင်းလုပ်ငန်းစီမံချက် ဖွင့်ပွဲအခမ်းအနားနှင့် ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

(သတင်းစဉ်)

နို့စားနွားမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် နို့နှင့်နို့ထွက်ပစ္စည်းလုပ်ငန်း အရှိန်အဟုန်မြှင့်တိုးချဲ့ဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် မေ ၂

မြန်မာနိုင်ငံတွင် နို့စားနွားမွေးမြူရေးသရုပ်ပြခြံ ထူထောင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊ အမျိုးသားအဆင့် နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံနှင့် သင့်တော်သည့် မွေးမြူရေးစီမံခန့်ခွဲမှုစနစ်များ၊ နို့စားနွားမွေးမြူရေး အစုအဖွဲ့များအား ကျွမ်းကျင်မှု သင်တန်းပေးခြင်းနှင့် နို့စားနွားနှင့် အေးခဲမျိုးရည်ခဲချောင်းများရေရှည်ရောင်းချရေးတို့နှင့် စပ်လျဉ်း၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်နှင့် ထိုင်းနိုင်ငံမှ ပုဂ္ဂလိက နို့စားနွားမွေးမြူရေးလုပ်ငန်း Farm Chokchai Group ၏ Group Managing Director နှင့် CEO Dr. Choak Bulakul ဦးဆောင်သည့် အဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် Junior Golf Myanmar မှ ကြီးမှူးကျင်းပသော 1st Junior Golf Myanmar Tournament 2013 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်လူငယ်ဂေါက်သီးရိုက်အားကစားသမားများ တီခုံ(၁) (1st Tee) ၌ နေရာယူကြပြီး ရန်ကုန်ဂေါက်ကလပ် Captain ဦးဇော်မင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ဦးတင့်ဦးတို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲသို့ အသက် ၁၀ နှစ်အောက်ပြိုင်ပွဲတွင် ရှစ်ဦး၊ ၁၄ နှစ်အောက်ပြိုင်ပွဲတွင် ၂၃ ဦးနှင့် ၁၈နှစ်နှင့် ၂၄ နှစ်အောက်ပြိုင်ပွဲတွင် ၁၈ဦး ပြိုင်ပွဲတွင် အားကစားသမား စုစုပေါင်း ၄၉ ဦးယှဉ်ပြိုင်ခဲ့သည်။

Co-Sponsor များအဖြစ် Myanmar Thiha Co.,Ltd.၊ Double Eagle Golf Co., Ltd.၊ J'Donuts (J & J Co., Ltd.)၊ Elite Tech၊ HAN Golf Masters Pte., Ltd.၊ IBTC Group of Companies နှင့် Kaung Myat Co., Ltd. တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြသည်။

ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို မေ ၃ ရက် နံနက် ၇ နာရီတွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပပြီး ဆုပေးပွဲအခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

○ ရှေ့ဖုံးမှ

အင်းလေးကန်အတွင်း ရေနည်းပါးလာမှုအခြေအနေမှာ ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက တူညီနေသည်ကို တွေ့ရှိရပြီး ရေနည်းပါးလာမှုကြောင့် သွားလာရန်ခက်ခဲသည့် နေရာမှာလည်း နှစ်နေရာခန့်သာရှိကြောင်း သိရသည်။ ၂၀၁၀ ခုနှစ် ရေနည်းခဲ့သည့်ကာလနှင့် နှိုင်းယှဉ်ပါက ရေအခြေအနေမှာ ကောင်းမွန်လျက် ရှိသေးကြောင်း၊ သွားလာမှုခက်ခဲမှုများရှိသော်လည်း နည်းပါးကြောင်း သိရှိရသည်။

အင်းလေးကန်တောင်ဘက်ပိုင်း စကားအင်းသို့ စီးဝင်သည့် ရေလမ်းကြောင်းတွင်လည်း ဗေဒါများပိတ်ဆို့နေသဖြင့် သွားလာရန်ခက်ခဲမှုများ ကြုံတွေ့နေရသဖြင့် ဆည်မြောင်းဦးစီးဌာနမှ ဧပြီ ၂၃ ရက်က စတင်၍ ရှင်းလင်းဆောင်ရွက်ပေးလျက် ရှိသဖြင့် ယခုအခါ အရေးပေါ်လမ်းများမှတစ်ဆင့် ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်းနှင့် ရေလမ်းကြောင်းတစ်လျှောက် ရှင်းလင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ နောင်တွင် အလားတူအခက်အခဲမျိုး မဖြစ်ပေါ်စေရေးအတွက် စက်ယန္တရားများ ပေးပို့ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အင်းလေးကန်သည် ရေအနည်းဆုံးကာလတွင် ဧရိယာစတုရန်းမိုင်ပေါင်း ၄၀ ခန့် တည်ရှိနေသည့်အနေအထားနှင့်ပတ်သက်၍ မြေပြင်အခြေအနေမှန်အရ အင်းလေးကန်သည်ကျဉ်းမြောင်းလာခြင်းသည် ကွာခြားမှုထူးခြားခြင်းမရှိ သိရသည်။ ယနေ့သတင်းများတွင် ရေးသားနေကြသည့် ၂၄ စတုရန်းမိုင်ဆိုသည်မှာ ကောင်းကင်ဂြိုဟ်တုဓာတ်ပုံအရ တိုင်းတာလျှင် အလယ်တွင်တစ်ဆက်တစ်စပ်တည်း တည်ရှိသည့် ရေပြင်ကျယ်ဧရိယာ ပါဝင်သည်။ အင်းလေးကန် ဧရိယာဟု ဆိုရာတွင် ရေပြင်ကျယ်ဧရိယာ သာမက ရေချိုစိုက်ပျိုးလုပ်ကိုင်နေသည့် ဧရိယာကိုပါ ထည့်သွင်းတွက်ချက်မှသာလျှင် မှန်ကန်နိုင်မည် ဖြစ်သည်။ ကန်ကျဉ်းမြောင်းလာသည်ဆိုခြင်းထက် ကန်တိမ်ကောလာသည်ဆိုလျှင် ပိုမိုမှန်ကန်မည် ဖြစ်သည်။ အင်းလေးကန်အတွင်းသို့ နှစ်စဉ်ပို့ကျနေသည့် သဲနုန်းပမာဏသည် ကုဗပေသန်း ၃၀ (မြေကြီးကျင်းပေါင်း သုံးသိန်း)ခန့် ရှိသည်ကို ပညာရှင်များ၏ လေ့လာချက်များအရ သိရှိရပါသည်။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် နှစ်စဉ်မြေကြီးကျင်း နှစ်သိန်းခန့်သာ တူးဖော်နိုင်သည်။ ဖယ်ရှားနိုင်သည့် သဲနုန်းများမှာလည်း ကန်အတွင်းတွင်သာ ပြန်လည် ဆယ်တင်နေရခြင်းဖြစ်ရာ ရေရှည်တွင် အခက်အခဲများ ကြုံတွေ့ ရနိုင်သည်။ သို့ဖြစ်ရာ ကန်အတွင်းရောက်မှ ဖယ်ရှားခြင်းထက် ကန်အတွင်းသို့မရောက်ရှိမီ တားဆီးဖယ်ရှားနိုင်မည့် အစီအမံများ ရှာဖွေဖော်ထုတ်ဆောင်ရွက်လျက် ရှိပါသည်။ ရေဝေရေလဲထိန်းသိမ်းရေး လုပ်ငန်းများကို ယခုထက် ပိုမိုထိရောက်အောင် စနစ်တကျ ဆောင်ရွက်နိုင်မှသာလျှင် အင်းလေးကန် အနာဂတ်ကောင်းမွန်နိုင်မည် ဖြစ်သည်။ ကန်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံး၏ စိတ်ပါဝင်စားမှုနည်းပြီး ပူးပေါင်းပါဝင်ဆောင်ရွက်မှုမှာ ကျေနပ်အားရဖွယ်အနေအထားတွင်မရှိဖြစ်နေသည်။ ပြည်သူတစ်ရပ်လုံး အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်မှသာလျှင် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။ **တင်လှိုင်**

❐ *ကျောဖုံးမှ*

ရွှေတံခါးမကြီးများ ပွင့်လန်းသွားစေရန် အထူးဝါယမစိုက်ထွန်း ဖွင့်ပေးကြသော နိုင်ငံတော်သမ္မတကြီးနှင့်တကွ ကြိုးပမ်းခဲ့ကြသူအားလုံးကို နှုတ်လှုသာခုခေါ်ဆိုကြပါလိမ့်မည်။

ကုန်သွယ်မှုဆိုင်ရာ ရွှေတံခါးကြီးတိုးလျှိုပေါက် ပွင့်လန်းသွားမှုနှင့် စပ်လျဉ်း၍ သဘောထားအမြင်အချို့ကို ကောက်နုတ်ဖော်ပြလိုက်ရပါသည်။

မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်း အထွေထွေအတွင်းရေးမှူး၊ ရှင်ရဲထွဋ် ကုမ္ပဏီဥက္ကဋ္ဌ ဦးရဲထွဋ်

EU ရဲ့Sanctions ရုပ်သိမ်းမှုအပေါ် ကျွန်တော်တို့အနေနဲ့ ကြိုဆိုပါတယ်။ အရင်ကဆို ကျွန်တော်တို့ရဲ့ ပို့ကုန်တွေကို အိမ်နီးချင်းတိုင်းပြည်ကတစ်ဆင့် ပို့ရတယ်။ ကျွန်တော်တို့မှာ ဈေးကွက်မရှိဘူး။ ဂျပန်က ကျွန်တော်တို့အပေါ်မှာ တချို့အခွင့်အရေးတွေ ပေးတာတွေတော့ ရှိပါတယ်။ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး ကင်းလွတ်ခွင့်၊ သက်သာခွင့်တွေ ပေးခဲ့တာတော့ ရှိပါတယ်။ ဒါကြောင့် ဝဥအခြောက်၊ ပိန်းဥအခြောက်တို့ နနွင်းတက်တို့စတဲ့ စိုက်ပျိုးရေးထွက်ကုန်တွေကို စီးပွားကူးသန်းက ပုံစံ(က) (Form-A) ပါရင် ဂျပန် ဝယ်ယူသူ (Buyer) က အခွန်သက်သာခွင့်ရခဲ့တယ်။

ဂျပန်က G.S.P အခွင့်အရေးကို မြန်မာ၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားအပါအဝင် လေးနိုင်ငံကို ပေးထားတဲ့အတွက် ကျွန်တော်တို့မှာ ဒါလေးပဲအားကိုးနေခဲ့ရတယ်။

အခု အီးယူက Sanctions ရုပ်သိမ်းပေးလိုက်တဲ့အခါကျတော့ ကျွန်တော်တို့ ပြည်ပပို့ကုန်တွေကို ကျယ်ကျယ်ပြန့်ပြန့်တင်ပို့နိုင်တော့မယ်။ ဒါပေမယ့် ကုန်ကြမ်းအတိုင်းပို့မလား၊ ဒါမှမဟုတ် ကုန်ချောပို့နိုင်မလား၊ ကုန်ချောပို့မယ်ဆိုရင် အီးယူကလက်ခံနိုင်တဲ့အဆင့်ဖြစ်အောင် ကျွန်တော်တို့ဆီမှာ လာရောက်ထုတ်ပြီးမှ ပို့နိုင်ရင် ကျွန်တော်တို့အတွက် ပိုပြီးအကျိုးရှိမယ်။ နည်းပညာတွေလည်းရမယ်။

အရင်က အီးယူကိုပို့ချင်တယ်ဆိုရင် စင်ကာပူကတစ်ဆင့်ခံပြီး ပို့ရတယ်။ ငွေဆိုလည်း စင်ကာပူဘဏ်က တစ်ဆင့်ခံ ပြန်ပို့ရတဲ့အတွက် ကြားပွဲစား၊ ကြားကုမ္ပဏီ၊ ကြားနိုင်ငံတွေကပဲ အကျိုးခံစားသွားတာရှိတယ်။ ကျွန်တော်တို့ တိုင်းပြည်က အကျိုးခံစားရတာ နည်းတယ်။ အခုတော့ ကျွန်တော်တို့ တိုက်ရိုက်ပို့မယ်၊ တိုက်ရိုက်အကျိုးအမြတ် ရမယ်ဆိုရင် ဂျပန်နဲ့တုန်းကလိုပဲ Win-Win Situation ရမယ်၊ အီးယူနဲ့လည်း Win-Win Situation လုပ်ဖို့လိုမယ်။ ဒါ့အပြင် ကျွန်တော်တို့ ကုန်ပစ္စည်းတွေကိုလည်း အီးယူစံနှုန်းအတိုင်း မီအောင်လုပ်နိုင်ဖို့ လိုမယ်။ စံမကိုက်ရင်ကိုယ့် ဈေးကွက်ကို ကိုယ်ပြန်ချသလိုဖြစ်မယ်။ မပို့ခင်ကတည်းက အရည်အသွေး မီအောင် စေ့စေ့စပ်စပ် လုပ်မယ်။ အီးယူနိုင်ငံတွေက ဝယ်ယူသူ (Buyer) တွေနဲ့ ဆွေးနွေးမယ်။ နည်းပညာတွေယူမယ်။ သေချာမှ ပို့မယ်။ ဖိလစ်ပိုင် ဆို ဂျပန်နိုင်ငံကို သရက်သီး အများဆုံး တင်ပို့နိုင်တယ်။ ကျွန်တော်တို့ နိုင်ငံက သရက်သီး ပိုထွက်ပေမယ့် ဖိလစ်ပိုင်လောက် မပို့နိုင်သေးဘူး။ များသောအားဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ ကုန်ကြမ်းတွေက အိမ်နီးချင်း နိုင်ငံကြီးကတစ်ဆင့် သွားတာများတယ်။

လက်ရှိကာလမှာတော့ ဂျပန်ကုမ္ပဏီတွေ အများကြီးဝင်လာနေတယ်။ ဒါပေမယ့် လေ့လာနေတာများတယ်။ သေချာမှဝုန်းခနဲဝင်လာမယ့်သဘောပဲ။ အခုအချိန်မှာတော့ ဂျပန်အနေနဲ့ အချိန်ဆွဲဖို့မသင့်တော့ဘူးလို့ပဲပြောချင်တယ်။ အီးယူရဲ့ Sanctions ရုပ်သွားတော့ ကြားကတိုင်းပြည်တွေ ဝင်ရောက်နေရာယူသွားမှာ စိုးရိမ်တယ်။ အခုလက်ရှိမှာတော့ ဂျပန် JH စွမ်းအင်ကုမ္ပဏီကြီးကလည်း ဆက်သွယ်နေပါတယ်။

ဂျပန်နိုင်ငံမှာ စွမ်းအင်နဲ့ ရေနံနဲ့ပတ်သက်ရင် နံပါတ်တစ် အကြီးဆုံး ကုမ္ပဏီကြီးတစ်ခု ဖြစ်ပါတယ်။ ၁၉၄၅ ခု စစ်အပြီး ဂျပန်နိုင်ငံ အနိမ့်ဆုံးအခြေအနေကနေဂျပန်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးအောင် အစိုးရနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့တဲ့ ကုမ္ပဏီကြီးပါ။ သူမှာအတွေ့ အကြုံ နည်းပညာတွေအများကြီး ရှိတယ်။ ရေနံထွက် တဲ့နိုင်ငံတွေမှာစက်ရုံတွေ အများကြီး ဖွင့်လှစ်ထားပါတယ်။ မြန်မာနိုင်ငံကိုလည်း လာဖို့ ကမ်းလှမ်းနေပါတယ်။ JH ကုမ္ပဏီရဲ့ ဥက္ကဋ္ဌ ကြီးကိုလည်း မြန်မာနိုင်ငံကို လာဖို့ ဖိတ်ခေါ်ထားပါတယ်။ မြန်မာနိုင်ငံကို တစ်ခါမှမရောက်ဖူးသေးပါဘူး။ ဂျပန်စွမ်းအင်အသင်းကြီးရဲ့ ဥက္ကဋ္ဌကြီးလည်း ဖြစ်ပါတယ်။ ကျွန်တော် အလည်ခေါ်ထားပါတယ်။ သူတို့အနေနဲ့ ရိုးသားတယ်၊ ပွင့်လင်းမြင်သာမှုရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံနဲ့ တိုက်ရိုက်လုပ်ကိုင်နိုင်ရင် ကျွန်တော်တို့အတွက် အကျိုးရှိမယ်။ ကြားပွဲစား နိုင်ငံက မဟုတ်ဘဲ တိုက်ရိုက် ဆက်သွယ်ခွင့်ရတဲ့အတွက် သူတို့လည်း အကျိုးရှိမယ်ပေါ့။

ကျွန်တော်တို့ ဖြစ်စေချင်တာက ဂျပန်က တိုက်ရိုက်ရင်းနှီးမြှုပ်နှံဖို့ မြန်မာနိုင်ငံနဲ့ တိုက်ရိုက် ချိတ်ဆက်လုပ်နိုင်ဖို့ ဖြစ်စေချင်တယ်။ သူတို့မှာလည်း ဆန္ဒရှိပေမယ့် သတင်းအချက်အလက်တွေ ရယူဖို့နဲ့ ချိတ်ဆက်နိုင်ဖို့ ခက်ခဲနေတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ တတ်နိုင်တဲ့ဘက်က ကြိုးစားနေပါတယ်။ ကျွန်တော်တို့က သတင်းအချက်အလက်တွေ များများပေးမယ်။ ဖိတ်ခေါ်မယ်ဆိုရင် အများကြီးဝင်လာပါဦးမယ်။ ဂျပန်ဘက်က စီးပွားရေးလုပ်ငန်းရှင်ကြီးတွေကို မေတ္တာရပ်ခံချင်တာကတော့ တတ်နိုင်သမျှ Business Plan တွေ အမြန်ဆုံးဆွဲပြီး အချိန်မဆွဲဘဲ အမြန်ဆုံးအကောင်အထည်ဖော်စေချင်တယ်။ ဒါမှသာ သူလည်း အကျိုးအမြတ်ရ၊ မြန်မာလည်း အကျိုးအမြတ်ရမှ ဖြစ်မယ်။

ကျောက်မျက်ရတနာ လုပ်ငန်းနဲ့ပတ်သက်ပြီးပြောရရင်တော့ ပုဂ္ဂလိကကျောက်မျက်လုပ်ငန်းကို ကျွန်တော်တို့လည်း ၁၉၉၅ ခုနှစ်ဝန်းကျင်မှဝင်ရောက်လာခဲ့တာဖြစ်တယ်။

ကျွန်တော်တို့လုပ်ပြီး မကြာခင် Sanctions ဖြစ်လာတာ့ အမေရိကန်ဈေးကွက်ရော၊ ဥရောပဈေးကွက်ရော ကျွန်တော်တို့မသိဘူး။ အတွေ့အကြုံမရှိဘူး။ ကိုယ့်မြေပေါ်မှာပဲ ကျင်းပတဲ့ ကျောက်မျက်ရတနာပြပွဲမှာပဲ ရောင်းချခဲ့တယ်။ ဒါပေမယ့် Sanctions ရှိတော့ နီးစပ်ရာ နိုင်ငံအချို့က ကုန်သည်တွေပဲ လာဝယ်ကြတယ်။ အမေရိကန်တို့ ဥရောပတို့ ဂျပန်တို့က ကုန်သည်ကြီးတွေ လာမဝယ်နိုင်ဘူး၊ သူတို့မှာ ငွေလွှဲဖို့က အစ အခက်အခဲရှိတယ်။ ဒါကြောင့် နိုင်ငံပေါင်းစုံက မလာနိုင်ဘူး။ လာဝယ်တဲ့ ကုန်သည်တွေကလည်း တစ်ဆင့် ပြန်ရောင်းတဲ့အတွက် ကျွန်တော်တို့ထက် အကျိုးအမြတ် ပိုရကြတယ်။ ဗန်ကောက်မြို့ကြီး အထပ်မြင့်တွေနဲ့ ကြီးကြီးကျယ်ကျယ် ဖြစ်နေတာ မြန်မာ့ပတ္တမြားကြောင့်ပါ။ လေ့လာကြည့်ရင် သိနိုင်ပါတယ်။ ဥပမာ-မိုင်းရှူး ပတ္တမြားဆိုရင် ကျွန်တော်တို့မှာ အရောင်တောက်အောင်လုပအောင်လုပ်တဲ့ နည်းပညာ မရှိဘူး။

ကျွန်တော်တို့ဆီမှာ Sanctions ကလည်းရှိတော့ သူတို့က မြန်မာ့သဘာဝပတ္တမြားစစ်စစ်ဖြစ်ပါသည်ဆိုပြီး ကမ္ဘာကိုရောင်းတယ်။ ဂျပန်က ကုန်တိုက်ကြီးတွေမှာဆို ယနေ့အထိ ထိုင်းကမီးဖုတ်ထားတဲ့ မိုင်းရှူးပတ္တမြားကိုပဲ တကယ်မြန်မာ့ပတ္တမြားလို့ထင်နေတယ်။ မီးကုတ်ပတ္တမြားကို ဂျပန်က ဒီလောက်မသိဘူး။ မြန်မာ့မီးကုတ်ပတ္တမြားက မီးမဖုတ်ပါဘူး။ တကယ့်ပတ္တမြားပါ။မီးကုတ်ပတ္တမြားကိုသိတာ Europe ပါ။ ကျွန်တော်တို့ Commercial လုပ်ဖို့ပဲလိုမယ်။ ကျွန်တော်တို့ဘက်ကလည်း ပြပွဲတွေ၊ ဟောပြောပွဲတွေ၊ အစည်းအဝေးတွေ သွားဖို့လိုမယ်။ သွားတဲ့အခါမှာလည်း တန်ဖိုးရှိတဲ့ ကျောက်တွေကို တန်ဖိုးကြီးကြီးနဲ့ ပြသနိုင်မယ်ဆိုရင် တစ်ကြိမ်မရောင်းရပေမယ့် နှစ်ကြိမ်၊ သုံးကြိမ်ကျရင် ရောင်းရမှာပါ။ ဝယ်တဲ့သူကလည်း ကြားခံကတစ်ဆင့် မဟုတ်ဘဲ တိုက်ရိုက်ဝယ်ခွင့်ရမှာဖြစ်တဲ့အတွက် ဝမ်းသာကြမှာပေါ့။ ကျွန်တော့်အနေနဲ့လည်း Sanctions ဖွင့်လိုက်တဲ့အတွက် ကြိုဆိုပါတယ်။ ဝမ်းမြောက်ဝမ်းသားဖြစ်ရသလို ဂုဏ်လည်းယူပါတယ်။

လှိုင်သာယာ စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်

အရင်က အီးယူနိုင်ငံအများစုဟာ မြန်မာပို့ကုန်ဖြစ်တဲ့ ကောက်ပဲသီးနှံ၊ ရေထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ ရေနံ၊ ကျောက်မျက်စတာတွေ ဝယ်ယူခြင်းမပြုတဲ့အပြင် ရေနံ၊ သတ္တု စသည့်လုပ်ငန်း အရပ်ရပ်တွေကိုလည်း မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံခြင်းမပြုဖို့ တားမြစ်ထားပါတယ်။

အခုမြန်မာ့ပို့ကုန်တွေကို G.S.P ကုန်သွယ်မှု အထူးအခွင့်အရေးပေးပြီး ဝယ်ယူတော့မှာဖြစ်တဲ့အတွက် ဈေးပိုရမှာဖြစ်ပါတယ်။

အီးယူရဲ့ ကုန်သွယ်မှုအခွန်က ကုန်ပစ္စည်းအမယ်ပေါ်မူတည်ပြီး ၁၃ ရာခိုင်နှုန်းမှ ၂၃ ရာခိုင်နှုန်းခန့်အထိ ရှိတာတွေ့ရတယ်။ ဥပမာ အရင်က အီးယူကို ငါး၊ ပုစွန်ပို့ရင်တချို့နိုင်ငံကမဝယ်ဘူး။ ဝယ်တဲ့ နိုင်ငံကလည်း မြန်မာနိုင်ငံကပို့ရင် အခွန်လျှော့မပေးဘူး။ ဘင်္ဂလားဒေ့ရှ်ကပို့ရင် ၁၃ ဒသမ ၇၅ ရာခိုင်နှုန်းလောက် လျှော့ပေးတယ်။ ဒီတော့ မြန်မာကုန်သည်အချို့က အီးယူကို တိုက်ရိုက်မပို့နိုင်တော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်ပြီး သူ့နိုင်ငံထွက်ကုန် C/O ကပ်ပြီး အီးယူပို့တာ ၁၃ ရာခိုင်နှုန်းကျော် စားသွားတယ်။

အခုအထည်နဲ့ ဖိနပ်ချုပ်စတဲ့ C.M.P လုပ်ငန်းထွက်ကုန်တွေပို့ရင် G.S.P အရ အခွန်သက်သာခွင့်ပေးတယ်။ ထိုင်း၊ တရုတ်၊ ဟောင်ကောင်က ပို့ကုန်တွေကို အခွန်ယူတယ်။ မြန်မာနိုင်ငံကို G.S.P အရ Most Favoured Nation (MFN) ဖွံ့ဖြိုးဆဲမိတ်ဆွေနိုင်ငံအဖြစ်နဲ့ အခွန်သက်သာခွင့်ပေးတော့ မြန်မာနိုင်ငံမှာ အရင်ဆုံးအထည်ချုပ်၊ ဖိနပ်ချုပ်လုပ်ငန်းတွေအများကြီး တိုးတက်လာတော့မယ့်အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာမှာပေါ့။

အခုလည်း UMFCCI နဲ့ စက်မှုဇုန်တွေမှာ အထည်ချုပ်လုပ်ငန်းတွေလုပ်ဖို့ ထိုင်း၊ ဟောင်ကောင်၊ တရုတ်တိုင်ပေ၊ တရုတ်က စက်ရုံခွဲတွေဖွင့်ဖို့ လေ့လာနေကြတယ်။ အခြေအနေကောင်းရင် သူတို့နိုင်ငံက စက်ရုံတွေတောင် G.S.P အခွင့်အရေးရပြီး လုပ်ခသက်သာတဲ့ မြန်မာနိုင်ငံကို ရွှေ့ပြောင်းလာဖို့အထိ စဉ်းစားလာကြတယ်။ တခြားစက်မှုထုတ်ကုန်လုပ်ငန်းတွေကလည်း ဒီအခွင့်အရေးကြောင့် အကျိုးအမြတ်

လှိုင်သာယာ စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ဆွေးနွေးပြောကြားစဉ်။

ကို လိုချင်လို့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ လာရောက်လေ့လာနေကြတယ်။ အမေရိကန်က စီးပွားရေးပိတ်ဆို့မှု မလုပ်ခင်ကဆို G.S.P ကြောင့် C.M.P အထည်ချုပ် ၉၀ ရာခိုင်နှုန်းခန့် အမေရိကန်နဲ့ ဥရောပကို ပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ နိုင်ငံရေးတည်ငြိမ်မယ်ဆိုရင် မြန်မာ့ပို့ကုန်တွေကို အီးယူနဲ့ အမေရိကန်က ကုန်သွယ်ရေးဆိုင်ရာ အထွေထွေဦးစားပေးစနစ်အရ ထိုင်း၊ တရုတ်၊ မလေးရှားနိုင်ငံတို့ရဲ့ ပို့ကုန်များထက် ဈေးပိုရတဲ့အတွက် မြန်မာ့စီးပွားရေးအနာဂတ်အလားအလာက အင်မတန် ကောင်းပါတယ်။

တစ်ချိန်က ကိုရီးယားပြည်တွင်းစစ်ပွဲအပြီးမှာ တောင်ကိုရီးယားထွက်ကုန်တွေကို G.S.P အထူးအခွင့်အရေးပေးပြီး အမေရိကန်ဈေးကွက်က ဝယ်ယူလိုက်တာ ယနေ့ တောင်ကိုရီးယားနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်လာပြီး ချမ်းသာတဲ့ နိုင်ငံဖြစ်သွားပါပြီ။ အလားတူ မဖွံ့ဖြိုးခင်က စင်ကာပူ၊ Rawanda နိုင်ငံတွေလည်း ချမ်းသာတဲ့နိုင်ငံ ဖြစ်နေပါပြီ။ ပီရူး၊ ဗီယက်နမ်စတဲ့ နိုင်ငံတွေလည်း G.S.P ကြောင့် စီးပွားရေးဖွံ့ဖြိုးနေပါပြီ။

အနောက်နိုင်ငံများက ပေးတဲ့ G.S.P စနစ်ကြောင့် မြန်မာနိုင်ငံမှာလည်း စက်ရုံ၊ အလုပ်ရုံတွေတိုးပြီး အလုပ်အကိုင် အခွင့်အလမ်းတွေ အများကြီး ရလာမှာဖြစ်ပါတယ်။ F.D.I တွေလည်း အများကြီးဝင်လာဖို့ရှိပါတယ်။ လျှပ်စစ်မီး ၂၄ နာရီ ပေးနိုင်မယ်ဆိုရင် မော်တော်ကားစက်ရုံ၊ IT စက်ရုံ၊ လူသုံးကုန်ပစ္စည်းစက်ရုံကြီး အများအပြားဝင်လာဖို့ တာစူနေကြပါတယ်။ F.D.I တွေနဲ့ J.V လုပ်ဖို့ ပြင်ဆင်ကြရမှာဖြစ်ပါတယ်။ စံချိန်စံညွှန်း ကောင်းတဲ့ အရည်အသွေးမီပစ္စည်းများ ထုတ်လုပ်နိုင်အောင် စက်ပစ္စည်းသစ်များ တိုးချဲ့တပ်ဆင်ပြီး ကိုယ်မလုပ်နိုင်တဲ့ ပစ္စည်းများကို J.V လုပ်ကြဖို့ အကြံပေးချင်ပါတယ်။

ဦးကျော်ဝင်း (အထည်ချုပ်အသင်း)

စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းလိုက်တော့ သူတို့ဆီကို အခွန်အခကင်းကင်းနဲ့ပို့လို့ရတော့ အလုပ်တွေ ပိုရမှာပေါ့။ အထည်ချုပ်လုပ်ငန်းအတွက် အင်မတန်ကို လမ်းတွေ ပွင့်နေပါတယ်။ဈေးကွက်မရှိဘဲ လုပ်ကိုင်နေရာကနေ ခုလို ဈေးကွက်ပေါ်ပေါက်လာတယ်ဆိုတော့ ဈေးကွက်ခေါ်ရာနောက်ကို ပြန်လိုက်ရပါဦးမယ်။

အရည်အသွေး ပိုင်းကတော့ သိပ်ပြောစရာမလိုပါဘူး။ ဂျပန်ဈေးကွက်အတွက် ချုပ်နေတာဆိုတော့ အီးယူဈေးကွက်ကို သွားမယ်ဆိုရင် အရည်အသွေးကတော့ မီပြီးသားပါ။ ကျွမ်းကျင်လုပ်သား ရှားပါးနေတာအတွက်ကိုတော့ သင်တန်းကျောင်းဖွင့်ပြီး မွေးထုတ်နေပါတယ်။ ဈေးကွက်လိုအပ်ချက်နဲ့ မွေးထုတ်နိုင်တဲ့ အင်အားကတော့ မမျှဘူး။ စက်ရုံအသီးသီးအနေနဲ့ ကိုယ့်စက်ရုံမှာ ကိုယ် သင်တန်းတွေပေးနိုင်မယ်ဆိုရင် တော့အီးယူဈေးကွက်ရဲ့ လိုအပ်ချက် demand မှာ လိုအပ်တဲ့ လုပ်သားအင်အားတွေရ လာပါလိမ့်မယ်။တိုးလာမယ့် အော်ဒါတွေအတွက် စက်ရုံတွေကို တိုးချဲ့နေပါတယ်။ လုပ်သားသစ်တွေကိုလည်း မွေးထုတ်နေပါတယ်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနှင်းဦး

အခုဆိုရင် အီးယူနိုင်ငံတွေက အဖွဲ့အစည်းတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပနိုင်လာပြီဖြစ်တဲ့အတွက် အီးယူနဲ့ အမေရိကန်ဈေးကွက်ဆိုင်တဲ့ ဆောင်ရန် ရှောင်ရန်တွေ သိခွင့်ရမယ်။ ဥပဒေတွေအပြင် နည်းပညာဆိုင်ရာတွေကိုပါ သိခွင့် ဖလှယ်ခွင့်ရတဲ့အတွက် အကျိုးအမြတ် တွေရလာနိုင်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းတွေအတွက်လည်း တံခါးပွင့်သွားပါပြီ။ ဖြေလျှော့မှုတွေပေါ်မှာမူတည်ပြီး တိုးတက်ဖို့အခွင့်အရေးများသွားပြီလို့ ယူဆလို့ရ

မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနှင်းဦး ပြောကြားစဉ်။

သလို အောင်မြင်အောင်လုပ်နိုင်ဖို့ အလားအလာကောင်း ဖြစ်သွားပြီလို့ သတ်မှတ်လို့ရပါတယ်။

နိုင်ငံတစ်ခုမှာ အကြီးစားစီးပွားရေးလုပ်ငန်းတွေက အရေးပါသလို အသေးစားနှင့်အလတ်စားတွေကလည်း ခြေမပြဲ လက်မပြဲစေဆိုသလို ထောက်ကန်ပေးနိုင်ရန် လိုအပ်သည့် အသက်သွေးကြောတွေပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၅ AFTA အာဆီယံ လွတ်လပ်စွာ ကုန်သွယ်မှုဇုန်မှာ ဝင်ရောက်လာတော့မည့် နိုင်ငံခြားသားလုပ်ငန်းရှင်များကို ယှဉ်ပြိုင်နိုင်ရန် သို့မဟုတ် ဖက်စပ်ဖြစ်စေ ပူးပေါင်းလုပ်ဆောင်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားဖို့လိုပါတယ်။

ပြောပြခဲ့

မြန်မာ လုပ်ငန်းရှင်တွေမှာ အရင်းအနှီး နည်းပညာ အားနည်းချက်တွေ ရှိနေသေးတာကြောင့် အစိုးရက ငွေကြေး အကူအညီနှင့် မူဝါဒပိုင်းဆိုင်ရာ ပံ့ပိုးမှုတွေပေးနိုင်မယ်ဆိုရင်တော့ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဆက်လက် တည်ရှိနိုင်မှာဖြစ်ပြီး ကြွံကြွံခံနိုင်အောင် ပြင်ဆင်သွားနိုင်မှာပါဟုလည်း ပြောပြခဲ့သည်။

ကုန်သွယ်မှုဆိုင်ရာ ရွှေတံခါးကြီးပွင့်လန်းသွားမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်သူလုပ်ငန်းရှင်အချို့၏ အထက်ပါ အတွေးအမြင်၊ သဘောထားမှတ်ချက်များမှာ အနာဂတ်မြန်မာနိုင်ငံတော်အတွက် အားတက်ဖွယ်ကောင်းလှပေသည်။

ကုန်သွယ်မှုဆိုင်ရာ ရွှေတံခါးကြီးမှတစ်ဆင့် ကုန်သွယ်မှုခရီးလမ်းမကြီးအတွင်း မြန်မာတို့ မည်မျှလျှောက်လှမ်းနိုင်မည်၊ အဘယ်မျှခရီးပေါက်နိုင်မည်ကိုမူ ဆက်လက်အကဲခတ်လေ့လာစောင့်ကြည့်ရပါဦးမည်။ သေချာသည်ကတော့ မြန်မာ့နိုင်ငံရေးအရွေ့၊ မြန်မာ့စီးပွားရေး အရွေ့ခရီးလမ်းသည် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် မြန်မာနိုင်ငံသားတို့၏ စည်းလုံးညီညွတ်မှု၊ ရိုးသားကြိုးစားမှု၊ စဉ်းစားတွေးခေါ်နိုင်မှု၊ နှလုံးရည်မြင့်မားမှု၊ အဓိကနှင့် သာမညကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိမှုတို့အပေါ် မူတည်လျက်ရှိကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

ပြည်တွင်းသတင်း

ရေဝတီတိုင်းဒေသကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေ

နေပြည်တော် မေ ၂

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ တောင်သူလယ်သမားဆေးရုံသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် သွားရောက်၍ အရေးပေါ်နှင့် ပြင်ပလူနာဌာနရှိ လူနာစမ်းသပ်ခန်းများ၊ သွားဘက်ဆိုင်ရာဆေးကုသခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ တီဗွီဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်းများ၊ ခွဲစိတ်ခန်း၊ သီးသန့်ခန်းများ၊ အရေးပေါ်ကုသခန်း၊ အမျိုးသမီးလူနာကုသဆောင်၊ အမျိုးသားလူနာကုသဆောင်နှင့် ကလေးလူနာကုသဆောင်များကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်၍ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ဒေါ်ခင်စောမူ၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံပြီး ဆေးသိုလှောင်ခန်း၊ အမျိုးသားလူနာကုသဆောင်၊ ခွဲစိတ်ခန်း၊ ခွဲစိတ်လူနာကုသဆောင်များ၊ မီခင်နှင့်ကလေးကျန်းမာရေးဌာနနှင့် ကလေးကုသဆောင်များအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းကုန်းမြို့နယ် အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ မြို့နယ်ဆေးရုံပြင်ပလူနာဌာန၊ မွေးလူနာခန်း၊ ဆေးသိုလှောင်ခန်း၊ သွားနှင့်ခံတွင်းကုသခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းနှင့် ရုံးခန်းများကို ကြည့်ရှုစစ်ဆေးပြီးသာပေါင်းမြို့နယ် ပြည်သူ့ဆေးရုံ တိုးချဲ့သံဃာဆောင်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး သင်တန်းခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများသည် အများအကျိုးအတွက် မှန်ကန်သည့်ကိစ္စများကို နည်းမှန်လမ်းမှန်တင်ပြရန် လိုအပ်ကြောင်း၊ ဆေးရုံအကျိုး၊ လူနာအကျိုးအတွက် ပြည်သူလူထု၊ ဒေသအာဏာပိုင်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များ၊ စေတနာရှင်မိဘပြည်သူများ ပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း မှာကြားသည်။ ထို့နောက် သူနာပြုသင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသားသင်တန်းသူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ပန်းတနော် မြို့နယ်ပြည်သူ့ ဆေးရုံ ကလေး ကုသဆောင်၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

သက်တမ်း ၆၀ ကျော်ရှိလာသည့် မဟာစည်တော်

မန္တလေး မေ ၂

မဟာစည်တော်ကြီးဟု အမည်သမုတ်သည့် ကြီးမားလှသော မြန်မာနိုင်ငံတွင် အကြီးဆုံးဟု ဆိုရမည့် ရှေးဟောင်းစည်တော်ကြီးတစ်ခုအား မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ရှိ မဟာစည်ရတနာပုံသာသနာ့ရိပ်သာ အတွင်းတွင် တွေ့မြင်ရသည်။

"စည်တော်ကြီးက သက်တမ်းအရပြောရရင် နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်ပြီဖြစ်ပါတယ်။ စည်တော်ကြီးအရှည်တည်တံ့နိုင်ဖို့ ပြန်လည်ပြုပြင်ခဲ့တာ ငွေကျပ် ၁၀ သိန်းလောက် လက်ခပေးခဲ့ရတယ်" ဟု ရတနာပုံဝိပဿနာအသင်းကြီး၏ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဦးက ဆိုသည်။

မဟာစည်တော်ကြီးသည် အလျားကိုးပေ ကိုးလက်မ၊ လုံးပတ် ၁၃ ပေ လေးလက်မ၊ ထိပ်ဝအကျယ် သုံးပေခုနစ်လက်မရှိပြီး ကြီးမားမှုကြောင့် စိတ်ဝင်စားသူအချို့ လာရောက်လေ့လာမှုရှိကြသည်။ ယင်းစည်တော်ကြီးကို ဦးချမ်းဆောင်-ဒေါ်ဒေါ်လှတို့က လှူဒါန်းခြင်းဖြစ်သည်ဟု ဆိုပါသည်။

ကျော်မင်းသော်

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေး

အမရပူရ မေ ၂

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် အမရပူရမြို့နယ် ယဉ်တော်ကျေးရွာအုပ်စု၌ ဧပြီ ၂၉ ရက် ညနေ ၄နာရီက လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကိုကျင်းပရာ ခရိုင်/မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ယဉ်တော်ကျေးရွာအုပ်စုမှ တောင်သူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးမြင့်လှိုင်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်နှင့် အခွင့်အရေးများကို ရှင်းလင်းပြောကြားပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို တောင်သူတစ်ဦးချင်းထံသို့ ပေးအပ်သည်။အမရပူရမြို့နယ်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးရန် ရပ်ကွက်/ကျေးရွာအုပ်စု (၄/၄၀)အုပ်စုမှ တောင်သူပေါင်း ၁၅၇၁၀၊ ဦးပိုင်လုပ်ကွက်ပေါင်း၂၀၇၀၄ ခုအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(ဝ၄ဝ)

မိတ္ထီလာကယ်ဆယ်ရေးသို့ စေတနာရှင်များ လှူဒါန်း

မန္တလေး မေ ၂

မိတ္ထီလာမြို့တွင် ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်မိသားစုများအတွက် စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များမှ စဉ်ဆက်မပြတ် လာရောက်လှူဒါန်းလျက်ရှိရာ အထက်မြန်မာပြည် ဟိန္ဒူဘာသာရေးအဖွဲ့ခွဲ(မန္တလေး)ဥက္ကဋ္ဌ အုမ်းဘဟာဒူးရ်နှင့် အမှုဆောင်အဖွဲ့ဝင်များသည် ဧပြီ ၁၈ ရက်၌ မိတ္ထီလာမြို့ လူမှုကူညီရေးအတွက် ဟိန္ဒူဘာသာဝင်မိသားစုများထံမှ အလှူခံရရှိသော ငွေကျပ် ၂၄ သိန်း၊ ဆန်သုံးအိတ်ခြောက်ပြည်၊ အဝတ်အထည်အိတ် ၅၀၊ စာရေးကိရိယာအိတ်နှစ်အိတ်၊ အိမ်သုံးပန်းကန်ခွက်ယောက်များနှစ်အိတ်တို့ကို မိတ္ထီလာမြို့ ဆက်သွယ်ရေးရိပ်သာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်ထံသို့ သွားရောက်လှူဒါန်းခဲ့ကြောင်းနှင့် မန္တလေးမြို့မှ မြတ်စေတနာမွန် လူမှုကူညီရေးအသင်းမှလည်း စေတနာရှင်များ ထည့်ဝင်သော အလှူငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ ဆန်အိတ် ၈၈ အိတ်နှင့် ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ အဝတ်အထည်များအပါအဝင် စုစုပေါင်း အလှူငွေကျပ် ၂၂သိန်းကို မြန်မာနှစ်ဆန်း ၅ ရက်နေ့က မိတ္ထီလာမြို့ရှိ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသို့ သွားရောက်ပို့ဆောင်လှူဒါန်းခဲ့ကြောင်း သိရသည်။

တင်မောင် (မန္တလေး-ကိုယ်ပွား)

ဗန်းမော်၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

ဗန်းမော် မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမော်မြို့နယ် နောင်ယောရွှေမှော်မှ ရေအောက်ရွှေမှော်သွားလမ်း၌ ဧပြီ ၂၈ ရက် မွန်းလွဲ ၁ နာရီက ဗန်းမော်မြို့နယ် ရွှေတော်ရဲကင်းမှ ရဲတပ်မှူးဒုရဲအုပ် မောင်ဇော်နှင့်အဖွဲ့သည် စောင့်ဆိုင်းနေစဉ် မသင်္ကာဖွယ် ဖိုးဇော်ဆိုသူအား ရှာဖွေစစ်ဆေးခဲ့ရာ ၄င်းလွယ်ထားသော ဘေးလွယ်အိတ်အတွင်း ပင်နီဆီလင်ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော အလေးချိန် ဝ ဒသမ ဝ၁ ဂရမ်ပါ တစ်ပုလင်း၊ အပြာရောင်ပလတ်စတစ်ဖြင့်ထုပ်လျက် စိတ်ကြွရူးသွပ်ဆေးပြားဟုယူဆရသော နီညိုရောင်ဆေးပြား ၂၅ ပြား၊ အနီရောင်ဂက်စ်မီးခြစ်တစ်လုံးတို့တွေ့ရှိရသဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

လူအောင်(ကသာ)

ကသာမြို့တွင် မိုးသက်လေပြင်းများတိုက်ခတ်

ကသာ မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့၌ မေ ၁ရက် မွန်းလွဲ ၁ နာရီခွဲက မိုးသက်လေပြင်းများတိုက်ခတ်ပြီး မကြုံစဖူးလောက်အောင် မိုးသီးများကြွေကျခဲ့သည်ကို တွေ့ရသည်။ မိုးသီးများသည် ဖန်ပေသီးနီးပါးခန့်ရှိသည်ကို တွေ့မြင်ကြရသည်။

မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် မြို့ပေါ်ရပ်ကွက်အချို့တွင် သစ်ပင်များကျိုးခြင်း၊ အပင်လိုက်ပြိုလဲခြင်းများ ဖြစ်ပေါ်ခဲ့၍ လျှပ်စစ်မီးများပြတ်တောက်မှုမရှိစေရေးအတွက် လျှပ်စစ်ဌာနမှ ဝန်ထမ်းများက လိုက်လံရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(ခရိုင်ပြန်/ဆက်)

စည်ပင်သာယာအကြံပေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများတွေ့ဆုံညှိနှိုင်း

မန္တလေး မေ ၂

မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန် ဖွဲ့စည်းထားသော မြို့တော်စည်ပင်သာယာရေးကော်မတီ အကြံပေးအဖွဲ့နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများတွေ့ဆုံ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီက မြို့တော် စည်ပင်သာယာရေးကော်မတီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

(အောက်ယာပုံ)

အစည်းအဝေးသို့ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်မောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ တွဲဖက်အတွင်းရေးမှူးနှင့် ဌာနမှူးများ၊ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးပိုမြင့်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး မြို့တော်ဝန်က အမှာစကားပြောကြားရာ မန္တလေးမြို့တော် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေး၊ မိဘပြည်သူများ စိတ်ချမ်းမြေ့စွာ နေထိုင်နိုင်ရေးနှင့် လူမှုအဆင့်အတန်းမြင့်မားစေရေး ဦးစားပေးလုပ်ငန်းရပ်များအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် လူကြီးမင်းတို့အကြံပေးအဖွဲ့နှင့် ရည်ရွယ်ချက်ချင်းတူညီပါကြောင်း၊ မြို့တော်စည်ပင်နှင့် ဆောင်ရွက်နေသော လုပ်ငန်းကဏ္ဍများအလိုက် အားဖြည့်ပေးနေသည့် အကြံပေးအဖွဲ့၏ အကြံဉာဏ်ကောင်းများကို ဆက်လက်အကောင်အထည်ဖော်သွားမှာဖြစ်ကြောင်း စည်ပင်သာယာအနေဖြင့် မြို့နေပြည်သူများ၏ အကျိုးစီးပွားကို ဆောင်ရွက်ရာ၌ လက်တွေ့ကွင်းဆင်းခြင်းနှင့် အကြံပေးအဖွဲ့မှ အကြံဉာဏ်များ ရယူခြင်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့နယ်၊ ရပ်ကွက်များအလိုက် စည်ပင်သာယာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် ဌာနမှူး၊ ဌာနခွဲမှူးနှင့် ဝန်ထမ်းများပါဝင်သော အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးပြီး နေ့စဉ်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တွေ့ရှိချက်အသေးအဖွဲ့မှစ၍ ကြီးမားသောကိစ္စများအထိ မှတ်တမ်းများတင်ပြခိုင်းထားကြောင်းစသည်ဖြင့် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသောလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

စည်ပင်သာယာအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးပိုမြင့်က မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ အကြံပြုတင်ပြဆွေးနွေးပြီး အကြံပေးအဖွဲ့၏ အစည်းအဝေးများ မှတ်တမ်းပါ ဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာဌာနများက ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

တင်မောင်(မန္တလေး)

ပုဂံယွန်းထည်များ ဘုရားဖူး များကြောင့် ရောင်းအားကောင်း

နေပြည်တော် မေ ၂

ပုဂံယွန်းထည်လုပ်ငန်းများ ဆက်လက်တည်တံ့နေခြင်းသည် ဘုရားဖူးလာ ပြည်သူများက ဝယ်ယူအားပေးနေခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ ဘုရားဖူးများကိုသာ အဓိကအားထားနေကြရကြောင်း ပုဂံယွန်းထည်ရောင်းဝယ်သူတစ်ဦးက ပြောကြားသည်။

"ကျွန်မတို့ ပုဂံယွန်းထည်ပစ္စည်းတွေကို ရှေးတုန်းကတော့ ပုဂံတစ်ဝန်းမှာရှိတဲ့ ကျေးရွာတွေက လုပ်ကြပါတယ်။ ယခုအခါမှာတော့ ကျွန်မတို့ မြင်းကပါကျေးရွာနဲ့ ပုဂံမြို့သစ်ကပဲ အဓိကလုပ်ကြတော့တယ်။ ဒီလုပ်ငန်းကိုလုပ်တဲ့သူလည်း ရှားပါးလာပါပြီ။ လက်ရာမြောက်တဲ့ ယွန်းထည်ပစ္စည်းလုပ်နိုင်တဲ့သူတွေကလည်း နည်းလာပါပြီ။ အဓိကကတော့ ပုဂံယွန်းထည်လုပ်ငန်းများ ဆက်လက်တည်တံ့နေတာဟာ ဘုရားဖူးလာပြည်သူတွေ ဝယ်ယူအားပေးခြင်းကြောင့်ပါပဲ" ဟု မြင်းကပါ ကျေးရွာမှ ယွန်းထည်ရောင်းဝယ်သူ မယဉ်ယဉ်ဌေးက ပြောကြားသည်။

"ပုဂံယွန်းထည်တွေကို ရှေးတုန်းကတော့ အများအားဖြင့် လင်ပန်း၊ ဖလား၊ ကွမ်းအစ်၊ ဆွမ်းအုပ်တို့ကို အဓိကထုတ်လုပ်ကြပါတယ်။ ဒီဘက်ခေတ်မှာတော့ ယွန်းလက်ကောက်၊ လက်ဖက်အုပ်တို့လို ပုဂံအမှတ်တရပစ္စည်းတွေအဖြစ် ပြောင်းလဲထုတ်လုပ်လာကြတာတွေ့ ရပါတယ်။ ဈေးကွက်ရဲ့တောင်းဆိုမှုအပေါ် အခြေခံပြီး ကျွန်မတို့ ယွန်းထည်ပစ္စည်းထုတ်လုပ်မှုပုံစံဟာလည်း တဖြည်းဖြည်းပြောင်းလဲလာပါတယ်" ဟု မယဉ်ယဉ်ဌေးက ဆက်လက်ရှင်းပြသည်။

ပုဂံယွန်းထည်ပစ္စည်းများ ဘုရားဖူးလာပြည်သူများ ဝယ်ယူအားပေးနေကြခြင်းမှာ အချို့က ပုဂံအမှတ်တရပစ္စည်းတစ်ခုအဖြစ်သာ ဝယ်ယူကြသူများရှိသကဲ့သို့ အချို့က ယွန်းထည်ပစ္စည်းများပေါ်တွင် ရေးဆွဲထားသော ယွန်းပန်းချီကြောင့် ဝယ်ယူခြင်းဖြစ်သည်။ ယွန်းပန်းချီမှာလည်း ပန်းချီဆရာတိုင်း မတတ်သည့် အနုပညာမှုတစ်ခုဖြစ်သည်။ ပုဂံဘုရားများရှိ နံရံဆေးရေးပန်းချီများကိုအခြေခံသည်ဖြစ်၍ ပုဂံသားများသည် ယွန်းပန်းချီရေးရာတွင် အထူးကျွမ်းကျင်ကြသည်ဟု သိရသည်။ ပုဂံယွန်းပန်းချီများကို အနီ၊ အစိမ်း၊ အဝါ အခြေခံအရောင်သုံးမျိုးတည်းနှင့် လှပသောကနုတ်နွယ်များဖြင့် ဗုဒ္ဓ၏ဖြစ်စဉ်တော်များကို ရေးဆွဲလေ့ရှိကြသည်။

ယွန်းထည်အလုပ်မှာ အဆင့်ဆင့်ထုတ်လုပ်ရသော အလွန်လက်ဝင်သည့်လုပ်ငန်းဖြစ်ပါသည်။ ဝါးအကြမ်းကို သစ်စေးသုတ်လိုက်၊ ဆေးသိပ်အောင် မြေအောက်ခန်းတွင် ညသိပ်လိုက် အကြိမ်ကြိမ်လုပ်ရသည်။ နောက်ဆုံးမျက်နှာပြင်ပြောင်လက်ချောမွေ့လာတော့မှ စိတ်ကြိုက်ဒီဇိုင်းပုံများဖြင့် ပန်းချီဆေးရေးရသည်ဟု ဆိုသည်။ ယွန်းထည်ပစ္စည်းသည် မြန်မာ့ပန်း ၁၀ မျိုးတွင် တစ်ခုအပါအဝင်ဖြစ်ပြီး မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းအပ်သောလုပ်ငန်းလည်းဖြစ်ပါသည်။ ထို့ကြောင့် ပုဂံယွန်းထည်ပစ္စည်းများသည် အသုံးအဆောင်ပစ္စည်းတစ်ခု၊ အမှတ်တရပစ္စည်းတစ်ခုထက် မြန်မာလူမျိုးတို့၏ ထိန်းသိမ်းတန်ဖိုးထားအပ်သော အနုပညာယွန်းပစ္စည်းတစ်ခုဖြစ်ပါသည်။ **(အောက်ပုံ)** **မြင့်မောင်စိုး**

နတ်မောက်မြို့နယ် ရေခက်ခဲသည့်ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

နတ်မောက် မေ ၂

နတ်မောက်မြို့နယ်တွင် ကျေးရွာအချို့ သောက်သုံးရေခက်ခဲမှုများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် ဧပြီ ၃၀ ရက်က နတ်မောက်မြို့နယ်မြေခံတပ်က သောက်သုံးရေများကို တပ်ပိုင်မော်တော်ယာဉ်များဖြင့် ကျေးရွာများသို့ လှည့်လည်လှူဒါန်းခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်း နှစ်စဉ်နွေရာသီရောက်တိုင်း သောက်သုံးရေရှားပါးမှုများ ကြုံတွေ့ရလေ့ရှိရာ ယခုနှစ်တွင်လည်း မကွေးတိုင်းဒေသကြီးအစိုးရ၏ စီမံကွပ်ကဲမှုဖြင့် ဌာနဆိုင်ရာအသီးသီး၏ ကူညီမှု၊ စေတနာရှင်များ၏ ပံ့ပိုးမှုတို့ဖြင့် ရေအလှူများ ဆောင်ရွက်လျက်ရှိသည်။

နတ်မောက်မြို့ နယ်မြေခံတပ်အနေဖြင့် ၂၀၀၉ ခုနှစ်က ယခုကဲ့သို့ လှူဒါန်းခဲ့ပြီး ယခုလည်း နယ်မြေအတွင်းရှိ သောက်သုံးရေခက်ခဲနေသော ကျွဲတူးကန်ကျေးရွာ၊ အုတ်ဖိုကျေးရွာ၊ ဝါးရုံကုန်းကျေးရွာနှင့် နယ်မြေအတွင်းရှိ အခြားကျေးရွာများသို့လည်း ရေဂါလန် ၁၂၀၀ စီ ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

အဓိပတိဘွား

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မြစ်သားမြို့နယ်မကျီးကန်ကျေးရွာ အများသုံးရေကန်ပြန်လည်တူးဖော်

မြစ်သား မေ ၂

ယခုနှစ်နွေရာသီတွင် အပူချိန်မြင့်မားမှုကြောင့် သောက်သုံးရေလိုအပ်ချက်မြင့်မားလျက်ရှိသောကြောင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၁၀၅သိန်းဖြင့် မြစ်သားမြို့နယ် သစ်တက္ကုန်းကျေးရွာအုပ်စု မကျီးကန်ကျေးရွာရှိ အများသုံးရေကန် ပြန်လည်တူးဖော်လျက်ရှိကြောင်း သိရသည်။

ထိန်းသိမ်း

မကျီးကန်ကျေးရွာ အများသုံးရေကန်သည် ကျေးရွာနေပြည်သူများအားထားရာ ရေကန်ဖြစ်သော်လည်း ပြန်လည်တူးဖော်ခြင်းမရှိသည်မှာ ကြာမြင့်သောကြောင့် ကန်သည် တိမ်ကောလာကာ သောက်သုံးရေ တစ်နှစ်ပတ်လုံးသုံးစွဲမှု လုံလောက်မှုမရှိခြင်းကြောင့် ကန်ကိုပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းဖြစ်သည်။

သောက်သုံးရေကန် တူးဖော်ခြင်းနှင့်ပတ်သက်၍ မြစ်သားမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ယခုကန်ကိုပြန်လည်တူးဖော်ရာတွင် တိုင်းဒေသကြီး အစိုးရရန်ပုံငွေနှင့် တူးဖော်ခြင်းဖြစ်ကြောင်း၊ ကျပ် ၁၀၅ သိန်း ကုန်ကျခံ တူးဖော်မည်ဖြစ်ကြောင်း၊ ကန်တာပေါင်အရှည် ပေ၂၃၂၀ ၊ ရေအနက် ၉ ပေ၊ ကန်ပေါင်အမြင့် ၁၃ ပေ၊ ရေလှောင်ကန်ပမာဏ ဂါလန် ၃၅၃၃၇၀၀၊ (၁၃ ဧက ပေ) ၊ ရေဝင်ရောက်မှုမှာ ကင်းတားလက်ဝဲမြောင်းမကြီး DY 21/TC4/WC မှ လိုအပ်သလို သွင်းယူ၍ရကြောင်း ပြောကြားသည်။

ထွန်းထွန်းနိုင်

မိုးရာသီသစ်ပင်စိုက်ပျိုးရေးအကြို ရွှေဘို၌ဆောင်ရွက်

ရွှေဘို မေ ၂

ရွှေဘိုခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် W. Com Centre ကွန်ပျူတာသင်တန်း ကျောင်း သစ်လူငယ်အဖွဲ့၊ ရွှေဘိုစိမ်းလန်းစိုပြည်သစ်ပင်စိုက်အဖွဲ့၊ လူငယ်အားမာန်လူမှုဖွံ့ဖြိုးရေးအသင်း၊ ရွှေဘိုအောင်ဇေယျာ လူမှုကူညီရေးအသင်းတို့က ကမ္ဘာ့အလုပ်သမားနေ့အထိမ်းအမှတ်အဖြစ် မေ ၁ ရက် နံနက် ၆ နာရီက ရွှေဘိုစက်မှုဇုန်အဝင်လမ်းဘေးဝဲယာတစ်လျှောက်တွင် သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြသည်။

အကြိုလုပ်ငန်းငါးရပ်မှာ မြေနေရာရွေးချယ်ခြင်း၊ ကျင်းပန္နက်စိုက်ထူခြင်း၊ ကျင်းတူးခြင်း၊ မြေဩဇာထည့်သွင်းခြင်း၊ ကျင်းဖို့ခြင်းတို့ဖြစ်ပြီး ယခုလောလောဆယ်တွင် သစ်ပင်အရေအတွက် ၁၅၀ လျာထားသတ်မှတ်၍ တစ်နေ့တည်းဖြင့် အပြီးဆောင်ရွက်ခြင်းဖြစ်ပြီး မြေဩဇာများနူးနပ်ပြီးသည့်အချိန်တွင် ပျိုးထောင်ပြီးဖြစ်သော အပူဒဏ်ခံအရိပ်ရအပင်များကို ထည့်သွင်းစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) ကျော်သူရ

ကျီခါးနှင့်တီးတိန်မြို့နယ်တို့တွင် ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းများဖောက်လုပ်

ကလေး မေ ၂

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်ဖြင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာကုန်ထုတ်လမ်းများ ပေါ်ပေါက်လာရေးအတွက် တင်ဝင်းထွန်းကုမ္ပဏီမှ ၁၃မိုင်ရှည်လျားသော ကျီခါး-မာအိုဝမ်-တီးမန်လမ်း၊ ၆ မိုင်ရှည်လျားသော ကျီခါး-ဆွောင်းဇန်လမ်း၊ ၈ မိုင်ရှည်လျားသော ကျီခါး-ခွေဘမ်းလမ်းတို့ ဖောက်လုပ်ခဲ့ရာ ယခင်ခြေကျင်လမ်းဖြင့် ခက်ခက်ခဲခဲသွားခဲ့ကြရရာမှ ယခုအခါ လမ်းဖောက်လုပ်ပြီးစီးပြီဖြစ်၍ ကျေးရွာနေပြည်သူများအနေဖြင့် ကားများ၊ ဆိုင်ကယ်များဖြင့် လွယ်လင့်တကူသွားလာနိုင်ကြပြီဖြစ်သည်။

ပေးပို့

အဆိုပါ လမ်းများပေါ်ပေါက်လာခြင်းအားဖြင့် မာအိုဝမ်ကျေးရွာ၊ တီးမန်ကျေးရွာ၊ ဆွောင်းဇန်ကျေးရွာ၊ ခွေဘမ်းကျေးရွာများနှင့် ဆက်စပ်လမ်းများသည် ကုန်ထုတ်လမ်းအဖြစ် ပေါ်ပေါက်လာခြင်းကြောင့် ထိုကျေးရွာရှိ ထုတ်ကုန်များသည်ကျီခါးမြို့နယ်သို့ တိုက်ရိုက်ပေးပို့နိုင်တော့မည်ဖြစ်သည်။

ယခင်နှစ်များကလည်း တီးတိန်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာကိုလည်း ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးခဲ့ပြီဖြစ်ရာ တီးတိန်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေကြောင်း သိရသည်။

(အပေါ်ပုံ) သျှင်နေမင်း

စစ်ကိုင်း၌ ရေရှားပါးသည့် ကျေးရွာများသို့ရေလှူဒါန်း

စစ်ကိုင်း မေ ၂

မိုးရွာသွန်းမှု မရှိသည့်အတွက် ကျေးရွာ၌ရှိသော လက်နှိပ်တွင်း၊ ရေတွင်း၊ ရေကန်ကြီးများ ရေခန်းခြောက်ကုန်၍ သောက်သုံးရေအခက်အခဲဖြစ်နေသော စစ်ကိုင်းမြို့နယ် ကျောက်ပနန်ကျေးရွာအုပ်စု၊ ဆည်လေးတောရွာနေပြည်သူများအား စစ်ကိုင်းမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး(မြို့မိမြို့ဖ)မှ ဦးဆောင်၍ ဧပြီ ၃၀ ရက် နံနက် ၆ နာရီက ရေလှူပွဲကို ဆည်လေးတောကျေးရွာအခြေခံပညာ မူလတန်းလွန်ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

မြို့နယ်မီးသတ်တပ်ဖွဲ့ ရေသယ်ယာဉ်တစ်စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရေသယ်ယာဉ်တစ်စီးနှင့်ဒေါက်တာအရှင် ဆေကိန္ဒလှူဒါန်းထားသော ရေသယ်ယာဉ်တစ်စီးတို့မှ ရေဂါလန်ပေါင်း ၂၈၀၀ ကို လှူဒါန်းရာ ကျေးရွာနေပြည်သူများ အားရဝမ်းသာ ရွာလုံးကျွတ် ရေပုံးများဖြင့် ရေများလာရောက်သယ်ယူကြသည်။

သောက်သုံးရေရှားပါးသော ကျေးရွာများအတွက် ရေလှူဒါန်းနိုင်ရန် စေတနာရှင်များက အလှူငွေများ ပေးပို့လှူဒါန်းလျက်ရှိရာ ထိရောက်မှုရှိစေရန်နှင့် အလေအလွင့်မဖြစ်ပေါ်စေရေးအတွက် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ကျေးရွာအရောက် ရေလှူဒါန်းခြင်း၊ ကျေးရွာသို့ ရေသယ်ယူနိုင်ရန် ဒီဇယ်ဆီထောက်ပံ့ပေးခြင်းများကို စနစ်တကျကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး (အဖွဲ့မြို့မိမြို့ဖ)သို့ သဒ္ဓါပေါက်၍ ဆက်သွယ်လှူဒါန်းသော အလှူရှင်များမှာ ဦးခင်မောင်မြင့်(ပြည်ထောင်စုဝန်ကြီး(ငြိမ်း) မိသားစုက ငွေကျပ် ၂၄ သိန်း၊ ဦးတင်အောင် (မြနဒီမိသားစု)က ငွေကျပ် ၁၀ သိန်း၊ ဦးမျိုးကြင် မိသားစုက ငွေကျပ်သုံးသိန်း၊ မော်တော်ယာဉ် ထိန်းသိမ်းရေးကော်မတီ (စစ်ကိုင်း)က ငွေကျပ် သုံးသိန်း၊ ဦးမြင့်လွင် မိသားစုက ငွေကျပ်သုံးသိန်း၊ သမဝါယမတက္ကသိုလ် စစ်ကိုင်းက ငွေကျပ်သုံးသိန်းနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံးက ဒီဇယ်တစ်ပီပါလှူဒါန်းပြီး အခြားအလှူရှင်ပေါင်း ၁၅၀ ကျော်က အလှူငွေပေါင်း ကျပ်သိန်း ၈၀ ကျော်လှူဒါန်းခဲ့ကြသည်။ ရေရှားပါးသော စစ်ကိုင်းမြို့နယ်ကျေးရွာများအား ရေလှူဒါန်းလိုပါက ဦးဇော်ဝင်း (ဥက္ကဋ္ဌ)၊ မြို့နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (မြို့မိမြို့ဖ) ဖုန်း-၀၉-၂၀၀၁၄၁၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(၁၃၇)

ကောလင်းအသင်း(ရန်ကုန်) မျက်နှာစုံညီအစည်းအဝေး

ကောလင်းအသင်း ပြန်လည်ဖွဲ့စည်းရေးနှင့် အမှုဆောင်ရွေးချယ်ရေးကိုကျင်းပမည်ဖြစ်ပါ၍ ကောလင်းမြို့နယ်ဒေသနှင့် ဆက်နွယ်သူများ၊ ကောလင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ ကောလင်းမြို့နယ်ဒေသကို ခင်တွယ်မြတ်နိုးကြသူများနှင့် ကောလင်းနယ်သားဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့ကို စုစုစည်းစည်း တက်ရောက်နိုင်ပါရန် အထက်ပိုင်းသားတို့ သံယောဇဉ်ဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်/အချိန် - ၅-၅-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ

နေရာ - အောင်သိဒ္ဓိပါဠိကျောင်းတိုက်၊ အောင်သိဒ္ဓိလမ်း၊ ရပ်ကွက်(၃)၊ မရမ်းကုန်းမြို့နယ်

လမ်းညွှန် - ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ခဝဲခြံမှတ်တိုင် (သမိုင်းလမ်းဆုံအကျော်)

(သံဃာတော်များအား သက်သတ်လွတ်ဆွမ်းကပ်၍ ကောလင်းမိသားစုများ နေ့လယ်စာ မိတ်ဆုံ စားပွဲပြုလုပ်ပါမည်။)

တက်ရောက်လိုသူများ ဆက်သွယ်ရန်-

ဖုန်း-၂၁၅၅၅၃၊ ၀၉-၄၂၁၀၈၇၁၇၈၊ ၀၉-၄၄၄၀၂၆၈၆၀၊ ၀၉-၇၃၂၁၄၃၅၁

ကောလင်းအသင်းဖြစ်မြောက်ရေးကော်မတီ

ရောင်းမည်

သြောင်ဦးမြို့၏ အချက်အချာကျသောနေရာတွင်တည်ရှိပြီး တစ်ဧကခန့်အကျယ်ဂရန်မြေပေါ်တွင် ဟိုတယ်၊ မိုတယ်၊ ပြခန်း/ရုံးခန်းကြီးများ ဆောက်လုပ်ရင်းနှီးမြှုပ်နှံရန် အထူးသင့်လျော်ပြီး စိတ်ပါဝင်စားသူများ ဆက်သွယ်နိုင်သည်။ ညှိနှိုင်းဈေးဖြင့် ရောင်းမည်။

ဖုန်း-၀၉-၃၃၀၀၄၉၁၂၊ ၀၉-၅၁၉၄၂၄၁

အမည်ပြောင်း

ဦးစိုးထိုက်-ဒေါ်ရွှေစင်အောင်တို့၏သား အထက-၉၊ မော်လမြိုင်၊ ပထမတန်း(က)မှ မောင်ဟိန်းကျော်အား ယနေ့မှစ၍ မောင်ငြိမ်းခန့်ကျော်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။ **မောင်ငြိမ်းခန့်ကျော်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
ရုံးအမှတ်(၄၂)၊ နေပြည်တော်
ရေးဖြေစာမေးပွဲဖြေဆိုရန်အကြောင်းကြားခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများတွင် ဒုတိယဦးစီးမှူး၊ ဒုတိယဦးစီးမှူးနှင့် လစာနှုန်းတူ(လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူး ၁၉ နေရာအတွက် လျှောက်လွှာခေါ်ယူပြီးဖြစ်ရာ သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသူများအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ရေးဖြေစာမေးပွဲကို ကျင်းပပြုလုပ်မည်ဖြစ်၍ လာရောက်ဖြေဆိုနိုင်ပါရန် အကြောင်းကြားပါသည်။

(က) **ရေးဖြေစာမေးပွဲကျင်းပမည့်ရက်** - ၁၀-၅-၂၀၁၃ ရက်

(ခ) **ကျင်းပမည့်နေရာ** - အထက(၁၁)၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ နေပြည်တော်

(ဂ) **ကျင်းပမည့်အချိန်** - နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ (မြန်မာစာ၊ အထွေထွေဗဟုသုတ)
- မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ (အင်္ဂလိပ်စာ)

၂။ ဖြေဆိုခွင့်ကတ်ပြားများအား ဤဝန်ကြီးဌာနသို့ ၈-၅-၂၀၁၃ ရက်နှင့် ၉-၅-၂၀၁၃ ရက်များတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူရပါမည်။

၃။ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်မူရင်းများ ယူဆောင်လာရမည်။

၄။ စာမေးပွဲဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲကျင်းပမည့်ရက်တွင် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများအား ယူဆောင်လာရမည်ဖြစ်ပြီး ပျက်ကွက်ပါက စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း ၀၆၇-၄၀၉၃၅၅၊ ၀၆၇-၄၀၉၄၀၀ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တာပေမြင့်မှ လူမျိုးတင့်မည်

အမည်ပြောင်း

ဦးတင့်နိုင် ၁၂/သကတ(နိုင်) ၀၂၇၃၆၇ ၏သား ရန်ကုန်မြို့၊ အထက-၁ ဒဂုံ၊ အဋ္ဌမတန်း(င)တွင် ပညာသင်ကြားနေသော မောင်ကောင်းထက်နိုင်အား ကောင်းထက်ကိုဟု ပြောင်းလဲခေါ်ပါရန်။ **ကောင်းထက်ကို**

စားသောက်ဆိုင် ဖွင့်လိုသူများအတွက်

အိုး၊ ခွက်၊ ပန်းကန်၊ စားပွဲခုံ၊ Gas အိုး၊ ရေခဲသေတ္တာ အစ ပြန်လည်ရောင်းမည်။ **ဖုန်း-၀၉-၂၁၇၄၀၄၀၊ လှိုင်မြို့နယ်**

အမှားပြင်ဆင်ချက်

၂၉-၄-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၆)တွင် မြန်မာ့မီးရထား ချောဆီပျက် အိတ်ဖွင့်လေလံကြော်ငြာတွင် တင်ဒါရောင်းမည့်ရက် ၂၉-၅-၂၀၁၃ ရက်အစား၂၉-၄-၂၀၁၃ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန် အသိပေးအပ်ပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇင်ဝေကျော် ၁၂/အစန(နိုင်)၁၈၁၅၆၅ ၏ ပတ်စပို့စာအုပ်အမှတ်-ဓ၈၄၅၅၁ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။ **ဖုန်း-၀၁-၆၄၃၅၁၄**



နိုင်ငံတကာအားကစားသတင်း

စပိန်မြေမှာ ဘာစီလိုနာပရိသတ်တွေ ကြေကွဲခဲ့ရတဲ့ ချန်ပီယံလိဂ်

ချန်ပီယံလိဂ်အကြို ဖိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်ဖြစ်တဲ့ ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ်တို့ပွဲမှာ ဘိုင်ယန်မြူးနစ်တို့က သုံးဂိုးပြတ်နဲ့ ပြတ်ပြတ်သားသား အနိုင်ယူခဲ့တာမို့ စပိန်မြေမှာ စပိန်ပရိသတ်တွေရဲ့ မျှော်လင့်ချက်ကို ကြေမွပျက်သုဉ်းစေခဲ့ပြီဖြစ်ပါတယ်။ ဂျာမန်ကလပ် တိုက်စစ်မှူးတွေရဲ့ သွင်းဂိုးတွေက စပိန်ပရိသတ်ကို ရင်ဆို့စေခဲ့တာတော့ အမှန်ပါပဲ။

မက်ဆီမပါတဲ့ ဘာစီလိုနာဟာ အသက်ကင်းမဲ့သလို ဖြစ်နေခဲ့ပြီး တိုက်စစ်မှာ ပက်ဒရို၊ ဗီလာ၊ ဆောင်းတို့နဲ့ ပွဲထွက်ခဲ့သလို အင်နီယေစတာ၊ ဇာဗီ၊ ဖာဘရီဂတ်စ်တို့က ကွင်းလယ်နဲ့ တိုက်စစ်ကို ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြပေမယ့် ထိရောက်မှုမရှိခဲ့ပါဘူး။

ဘိုင်ယန်မြူးနစ်တို့ကတော့ ရော်ဘင်၊ မန်ဇူကစ်၊ ရှဝိန်စတိုက်ဂါတို့အပြင် မူလာ၊ အလာဘာ၊ မာတီနက်ဇ်၊ ရစ်ဘာရီတို့ကိုပါ ပွဲထုတ်စေခဲ့ပါတယ်။ နည်းပြ ဟေးနက်ရဲ့ ဘိုင်ယန်မြူးနစ်ဟာ တည်တည်ငြိမ်ငြိမ်ကစားခဲ့ပြီး ဘာစီလိုနာတိုက်စစ်ကို ဟန့်တားထိန်းချုပ်နိုင်ခဲ့ပါတယ်။

ဘာစီလိုနာအသင်းဟာ ဂိုးသွင်းနိုင်ရေး ကြိုးစားခဲ့ပေမယ့် ဘိုင်ယန်မြူးနစ်ခံစစ်မှူးတွေရဲ့ အမှားအယွင်းနည်းနည်းနဲ့ ဟန့်တားမှုတွေကြောင့် ဂိုးမသွင်းနိုင်ဖြစ်ခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်ဟာ ပွဲချိန် ၄၈ မိနစ်မှာ ရော်ဘင်က ဂိုးဧရိယာအတွင်းကနေပြီး ကန်သွင်းယူခဲ့လို့ ဘိုင်ယန်မြူးနစ်တို့ အဖွင့်ဂိုး စတင်ရရှိသွားပါတယ်။

ဘာစီလိုနာအသင်းက ပွဲချိန် ၅၅ မိနစ်မှာ ဇာဗီအစား ဆန်ချက်ဇ်နဲ့ ပွဲချိန် ၆၄ မိနစ်မှာ အင်နီယေစတာအစား သီယာဂိုတို့ကို အစားထိုးကစားစေခဲ့ပေမယ့် မထူးခြားလာဘဲ ပွဲချိန် ၇၂ မိနစ်မှာ ဘာစီလိုနာ

မိုးမြင့်လင်းလက် ရေးသည်

နောက်ခံလူပီကေးက ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်ခဲ့လို့ ဘိုင်ယန်မြူးနစ်တို့ လက်ဆောင်ဂိုးရရှိပြီး နှစ်ဂိုးရရှိခဲ့ပါတယ်။

ဘာစီလိုနာအသင်းဟာ ကစားကွက်တည်ငြိမ်အောင် ကစားဖို့ကြိုးစားခဲ့ပေမယ့် ပွဲချိန် ၇၆ မိနစ်မှာ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး မူလာက ခေါင်းတိုက်ပြီးသွင်းယူခဲ့လို့ ဘိုင်ယန်မြူးနစ်တို့ သုံးဂိုးရရှိခဲ့ပြီး ပွဲချိန်အပြီးမှာ ဘာစီလိုနာတို့ သုံးဂိုးပြတ်နဲ့ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်ဟာ ချန်ပီယံလိဂ်ဖလားကို ၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆ ခုနှစ်နဲ့ ၂၀၀၁ ခုနှစ်များက ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အခုနှစ်မှာလည်း နောက်ဆုံးဖိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ပြီး ဖိုလ်လုပွဲမှာ ဒေါ့မွန်နဲ့ ရင်ဆိုင်ယှဉ်ပြိုင် ကစားရမှာဖြစ်ပါတယ်။ ဂျာမန်ကလပ်နှစ်သင်းရဲ့ ချန်ပီယံလိဂ်ဖိုလ်လုပွဲကတော့ ထူးခြားနေတာအမှန်ပါပဲ။

ဒီနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲကတော့ စပိန်ကလပ်တွေအနေနဲ့ ကံတရားကြောင့်မဟုတ်ဘဲ ခြေစွမ်းအရ ရှုံးပွဲတွေ့ခဲ့ရတာဖြစ်လို့ စပိန်ပရိသတ်တွေ ကြေကွဲစွာ ခံစားခဲ့ရပြီး ဖြစ်ပါတယ်။ ॥

နေမာအား ဘာစီလိုနာခေါ်ယူလို

ဘရာဇီးစူပါစတား နေမာအား ဘာစီလိုနာက ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း၊ လက်ရှိတောင်အမေရိကကလပ်မှ ထွက်ခွာလျှင် ဘာစီလိုနာသို့ ပြောင်းသင့်ကြောင်း ဘရာဇီးနှင့် ဘာစီလိုနာနောက်တန်း ကစားသမားဟောင်း အီမာဆင်က ပြောကြားသည်။ နေမာအနေဖြင့် ဘာစီလိုနာသို့ လာရောက်ကစားလျှင် ဘာစီလိုနာပရိသတ်များက ချစ်ခင်ကြလိမ့်မည်ဖြစ်ကြောင်း အီမာဆင်က ပြောကြားသည်။ နေမာနှင့် မက်ဆီသည် အလွန်အတွဲညီပြီး တစ်ဖက်အသင်းခံစစ်ကို အကောင်းဆုံးခြိမ်းခြောက်ကစားနိုင်လိမ့်မည်ဖြစ်ကြောင်း အီမာဆင်က ပြောကြားသည်။ လာမည့်နှစ် ဘရာဇီးကမ္ဘာ့ဖလားပြိုင်ပွဲပြီးလျှင် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော်ပြီး ပြောင်းရွှေ့မှုပြုလုပ်မည်ဖြစ်ကြောင်း နေမာက ပြောသည်။

အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌရွေး

ဘာရိန်းဘောလုံးအဖွဲ့ချုပ် အကြီးအကဲ ရှိတ်ဆယ်လ်မန်ဘင်အီဘရာဟင်အယ်လ်ခါလီဖာအား အာရှဘောလုံးအဖွဲ့ချုပ် (အေအက်ဖ်စီ) ဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်လိုက်ကြောင်း၊ ၎င်းအား မိုဟာမက်ဘင်ဟာမန်၏နေရာအစားထိုးရန် ရွေးချယ်တင်မြှောက်လိုက်ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။ ၎င်းသည် ယူအေအီးဘောလုံးအကြီးအကဲ ယူဆွပ်အယ်လ်ဆာခါနှင့် ထိုင်းဖီဖာ အမှုဆောင်ကော်မတီအကြီးအကဲ ဂိုဒါဝီမာကုဒီတို့ကို ကျော်ဖြတ်ပြီး မဲသုံးပုံ-နှစ်ပုံဖြင့် အနိုင်ရရှိသွားခဲ့သည်။ ရှိတ်ဆယ်လ်မန်သည် လာဘ်စားမှုကြောင့် ဘင်ဟာမန်းပိတ်ပင်ခံရပြီးနောက် ယာယီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသော ကျန့်ကျိလုံထံမှ လွှဲပြောင်းရယူရမည်ဖြစ်သည်။

မော်ရင်ဟိုအကြောင်း မပြောဟု ဘင်နီတက်ဇ်ဆို

ချယ်လ်ဆီးအသင်း ယာယီနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်က ယူရိုပါလိဂ်အကြိုဖိုလ်လုပွဲ ဒုတိယအကျော့ပြိုင်ပွဲအဖြစ် ဘေဆယ်နှင့် မကစားမီ မော်ရင်ဟိုအကြောင်း ပြောဆိုရန် ငြင်းဆိုခဲ့သည်။ ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုက မေ ၇ ရက် (အင်္ဂါနေ့)တွင် စတန်းဖို့ဒ်ဘရစ်သို့ ပြန်လာဖွယ်ရှိကြောင်း အရိပ်အမြွက်ပြောဆိုခဲ့သည်။ မော်ရင်ဟိုအကြောင်း ပြောရန်အချိန်မရှိကြောင်း ပြိုင်ဘက် ဘေဆယ်အသင်းနှင့် ကစားမည့်ပြိုင်ပွဲဟာ မိမိ၏အလုပ်ဖြစ်ကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။

ကောင်းမြတ်သူ ရေးသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ချယ်လ်ဆီးနည်းပြအဖြစ် တစ်ကျော့ပြန် တာဝန်ယူရန် မော်ရင်ဟို ပြန်လာမည်ဖြစ်ကြောင်း အင်္ဂလန်အားကစားသမား မီဒီယာများက ဖော်ပြသည်။
- မန်စီးတီးအသင်းသည် အသက် ၂၇ နှစ်အရွယ်ရှိ ရှက်တာဒိုးနက် ကွင်းလယ်ကစားသမား ဖာနန်ဒိုဒင်ဟိုအား စာချုပ်ချုပ်ဆိုမည်ဖြစ်သည်။
- တိုရီနိုအသင်းခံစစ်မှူး အင်ဂီလိုအောဘန်နာအား လီဗာပူးနှင့် မန်ယူတို့က ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။
- အသက် ၃၄ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်အား ချယ်လ်ဆီးက တစ်နှစ်သက်တမ်းတိုးစာချုပ်မည်ဖြစ်သည်။
- အသက် ၂၃ နှစ်အရွယ်ရှိ ဘရာဇီးတိုက်စစ်မှူး ဒါမီရာရိုအား စပါးအသင်းက ခေါ်ယူရန်ကြိုးစားလျက်သည်။
- ဂါလာတာစာရေးအသင်းသည် အာဆင်နယ်တိုက်စစ်မှူး လူကတ်စ်ပိုဒေါ်စကီးကို ပြောင်းရွှေ့ကြေး ပေါင် ၁၅သန်းပေး ခေါ်ယူမည်ဖြစ်သည်။
- ကာဒစ်ဖ်အသင်းသည် အသက် ၂၈ နှစ်အရွယ်ရှိ စတုတ်တိုက်စစ်မှူး ဂျုန်းစ်အားပြောင်းရွှေ့ကြေး ပေါင် ၇ သန်းဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- အာဆင်နယ် နောက်ခံကစားသမားဟောင်း ရီမီဂရိတ်က နည်းပြ အာစင်ဝင်းဂါးသည် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့သင့်ပြီဖြစ်ကြောင်း ပြောကြားသည်။
- နယူးကာဆယ်အသင်းသည် ကစားသမားအသစ်များ ဖြည့်ဆည်းရန် ငွေပေးပြီးသုံးစွဲမှုသာဖြစ်မည်ဟု အသင်းတာဝန်ရှိသူများက ပြောကြားသည်။
- ပီအက်စ်ဂျီအသင်းမှ အသက် ၃၁နှစ်အရွယ်ရှိ တိုက်စစ်မှူး အီဘရာဟင်မိုဗစ်က ဂျူဗင်တပ်စ်သို့ပြောင်းရွှေ့မည်ဖြစ်ကြောင်း ပြောကြားသည်။

GOLDEN STAR Travels & Tours
တောင်ကြီး-အင်းလေး-ပင်းတယ
ကလော-ကဘ္ဘ May-23
ချောင်းသာ (နေ့စဉ်)
ကျိုက်ထီးရိုး (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph: 209200, 544383, 430480, 703448, 09-5091580

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅အီး^၃)၊ မြေကွက်အမှတ်(၁၂/၁၀)၊ ဇရိယာဝဒသမဝ၄၁ဇကေရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၆၃၇ဟုခေါ်တွင်သော အဆောက်အအုံ၊ ရေ၊ လျှပ်စစ်မီးအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ဦးသန်းထွန်း၉/မရတ(နိုင်)၀၄၆၁၅၅(EMDY-၃၁၇၁၂၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းအထောက်အထားများဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်ဝင်း
B.A,H.G.P,R.L,D.B.L,D.I.L,D.M.L
M.P.A,M.A(BL),PGDIT(New Delhi),D.Jap.(UFL)
အထက်တန်းရှေ့နေ(စဉ်-၂၆၅၇)
အမှတ်(၆၇)၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၇၄၂၂၉၊ ၀၉-၅၀၀၈၅၈၃

လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

၃၀-၄-၂၀၁၃ရက်တွင် အစိုးရသစ်လက်ထက်၌ နိုင်ငံတော်သမ္မတက ပထမဦးဆုံးချီးမြှင့်သည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု (ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှု အကောင်းဆုံး လုပ်ငန်းရှင်ဂုဏ်ထူးဆောင်ဆု) ရရှိသော **ဦးရွှေကြိုင်** (ဥက္ကဋ္ဌ၊ ဝါဝါဝင်းဆောက်လုပ်ရေးကုမ္ပဏီနှင့် လပွတ္တာမြို့နယ်အသင်း၏ ဂုဏ်ထူးဆောင်နာယကကြီး) အတွက် အလွန်ဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ မြို့နယ်အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးအား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ ဆထက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးခင်မောင်ဆွေ(ဦးအညောင်း)စိန်မေတ္တာမိသားစု၊
ဘုရင့်နောင်
ဦးမြင့်စိန်မိသားစု(OK)ဆားစက် သာကေတစက်မှုဇုန်
ဦးဝင်းလှိုင်(ဖိုးလုံး) ဝမ်းဝမ်းဆန်စက်၊ ပဲစက်အပိုပစ္စည်းဆိုင်၊
လှိုင်သာယာစက်မှုဇုန်ဈေးဆိုင်ခန်း

ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့်ပူးပေါင်းဆောင်ရွက်လိုပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်တွင် (၀.၉၀)ဧကရှိ မြေကွက်ပေါ်တွင် (၈)ထပ်ကွန်ဒို အမြန်ဆောက်လုပ်လိုပါသည်။ အခန်းပေးအခန်းယူစနစ်ဖြင့်သော်၎င်း၊ P.A.E စနစ် ဖြင့်သော်၎င်း၊ မိမိစိတ်ဝင်စားရာဆွေးနွေးနိုင်ပါသည်။ အထပ်မြင့်(၈)ထပ်နှင့်အထက်ဆောက်လုပ်ခဲ့ဖူးသူများနှင့်သာဆောင်ရွက်မည်။

ဆက်သွယ်ရန် ၀၉-၄၂၀၀၆၇၄၇၅

လမ်းမကြီးဘေးမြေကွက်ရောင်းမည်။

တစ်ပတ်အတွင်း MNL ပွဲစဉ်များကိုခံစားခြင်း

ရဲရင့်ရှိုင်း

အခုနှစ် MNL အမှတ်ပေးပြိုင်ပွဲရဲ့ အပြောင်းအလဲအများဆုံးကို ပြပါဆိုလျှင် ထိပ်ဆုံးနေရာကို ပြရလိမ့်မည်။ ထိပ်ဆုံးနေရာက အမြဲပြောင်းလဲနေသည်။ ကမ္ဘောဇအသင်း ယူထားသည့် ထိပ်ဆုံးနေရာကို ပွဲစဉ်(၉)အပြီးတွင် ဇေယျာရွှေမြေအသင်းက ရယူခဲ့သည်။ ရတနာပုံအသင်းကလည်း ၂၀၁၁ အိပ်မက်ဆိုးတွေကို ပြန်မက်နေရသည်။ ကြွေကျချက်ကကြောက်စရာ။ ကိုးပွဲကစားအပြီးတွင် လေးပွဲရှုံးပြီး အဆင့်(၉)ရောက်သွားသည်။ ဒီတစ်ပတ်ပြောစရာတွေတော့များများစားစားမရှိ။ ဒါပေမယ့် ပြောရမှာတွေကလည်း မပြောမဖြစ်တွေ။

အဆင့်(၁)၊ (၃)အသင်းနှင့် အပြောင်းအလဲအများဆုံး

ယခုရာသီမှာ အပြောင်းအလဲအများဆုံးက ထိပ်ဆုံးနေရာဖြစ်သည်။ ထိပ်ဆုံးနေရာ ဘာကြောင့် မတည်ငြိမ်တာလဲဆိုတော့ အဖြေကနှစ်ခုသာရှိသည်။ အသင်းတွေ ခြေစွမ်းကွာခြားမှုမရှိတော့တာ၊ နောက်တစ်ချက်က ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာ။ ပွဲစဉ်(၉)အပြီးမှာ ထိပ်ဆုံးနေရာကို ရယူနိုင်တာ အသင်းသုံးသင်းသာရှိသည်။ ရန်ကုန်၊ ကမ္ဘောဇနှင့် ဇေယျာရွှေမြေတို့ဖြစ်သည်။ ပွဲစဉ်(၁)မှ (၃)အပြီးထိ လက်ရှိချန်ပီယံရန်ကုန်က ဦးဆောင်သည်။ ပွဲစဉ်(၄)မှာ ဦးဆောင်သူရန်ကုန်ကို ဇေယျာရွှေမြေကနိုင်ပြီး ထိပ်ဆုံးနေရာယူသည်။ ပွဲစဉ်(၅) နောက်ပိုင်းမှာ ရန်ကုန်၊ ဇေယျာရွှေမြေ၊ ကမ္ဘောဇတို့ တစ်လှည့်စီယူသည်၊ လက်ရှိဦးဆောင်နေသူက ဇေယျာရွှေမြေက ပွဲစဉ်(၉)တွင် ကမ္ဘောဇကို အဝေးကွင်းမှာနိုင်ပြီး ရယူခဲ့ခြင်းဖြစ်သည်။ အသင်းတွေရဲ့ အမှတ်ကွာဟမှုတွေကလည်း ကြီးကြီးမားမားမရှိတာကြောင့် ၂၀၁၂ ရာသီကလို နောက်ဆုံးပွဲစဉ်အထိ ရင်ခုန်ရမည့်သဘောပင်။

ဇေယျာရွှေမြေအသင်းကတော့ ကမ္ဘောဇနှင့် တောင်ကြီးမြေတွင် တွေ့ဆုံတိုင်း မရှုံးဖူးသည့် အစဉ်အလာကောင်းကို ဆက်ထိန်းနိုင်ခဲ့သည်။ နောက်ဆုံး မိနစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဇေယျာရွှေမြေအသင်းကတော့ နည်းပြချုပ် ဦးစိုးမိုး၊ နည်းစနစ်အကြံပေး ဦးဉာဏ်ဝင်းတို့ လက်အောက်တွင် ပိုမိုတိုးတက်လာသည့်သဘော၊ လက်ကျန်နှစ်ပွဲမှာ အခြေအနေကောင်းလျှင် ရာသီပိတ်ချန်ပီယံဖြစ်နိုင်မည့် အနေအထားပင်။ ကမ္ဘောဇနှင့်ပွဲက ဇေယျာရွှေမြေအတွက် ထူးခြားသည်။ နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့သည်။ ဒါ့အပြင် နည်းပြချုပ် ဦးစိုးမိုးနှင့် နောက်ခံလူ ဇော်လင်းထွန်းတို့က ဇန်နဝါရီ၊ ဖေဖော်ဝါရီလအတွက် တစ်လတာ အကောင်းဆုံးဆုများရသည်။ ဒါပေမယ့် ဇန်နဝါရီ၊ ဖေဖော်ဝါရီလအတွက် အကောင်းဆုံးဆုကို ဧပြီလကုန်ကာနီးမှ ပေးတာကတော့ တစ်မျိုးကြီး။

ပရိသတ်တွေလည်း အားပေးပုံအဆင့်မြင့်သင့်ပြီ

လက်ရှိ MNL အသင်းတွေမှာ အိမ်ကွင်းကျင်းပနိုင်သည့်အသင်းက ငါးသင်းသာရှိသည်။ အိမ်ရှင်ပရိသတ်တွေရဲ့ အားပေးမှုက လိုအပ်ချက်တွေရှိနေသေးတာသေချာသည်။ အခုပြောချင်တာက နေပြည်တော်အသင်းရဲ့ ပရိသတ်။ ပွဲစကတည်းကတစ်ဖက်အသင်းကို မျိုးစုံတိုင်းထွာသည်။ ပြီးတော့ ဒိုင်လူကြီး။ နောက်ဆုံးပြောစရာမရှိတော့ ကိုယ့်အသင်းရဲ့ နည်းပြချုပ်ကို တိုင်းထွာသည်။ အဲဒီပွဲမှာ နေပြည်တော်အသင်း ကစားပုံကောင်းသည်။ ခြေလည်းသာသည်။ ပွဲအပြီးမှာလည်းနိုင်သည်။ ကိုယ့်အသင်း ကစားပုံမကောင်းလို့ အားမလို အားမရဖြစ်သည်ကို လက်ခံသည်။ အသာလည်းရ၊ နိုင်လည်းနိုင်နေသည့်အချိန်မျိုးမှာတော့ ကိုယ့်အသင်းနည်းပြကိုတောင် ပြန်တိုင်းထွာတာမျိုးတော့ မဖြစ်သင့်။ စုန်းပြူးတစ်စုကြောင့် ပရိသတ်အားလုံးမကောင်းဟု မဆိုချင်။ လူနည်းစုကြောင့် အသင်းအပေါ် ထိခိုက်သွားတာသေချာသည်။ ဒါ့အပြင် ကွင်းပတ်လည်တွင် ကာရံထားသော သံဆန်ခါတစ်ဝက်လောက်အထိ အားပေးတာလည်း အန္တရာယ်ကြီးလွန်းလှသည်။ မဖြစ်သင့်တာတွေ မဖြစ်ရအောင် ကြိုတင်တားဆီးကြရပေမည်။

ဒီဖြစ်ရပ်ကတော့ ဂိုးလိုချင်လွန်းသည့် တိုက်စစ်မှူးနှစ်ဦး၏ ပြဿနာဖြစ်သည်။ ရခိုင်ယူနိုက်တက်နှင့်ပွဲတွင် မကွေးတိုက်စစ်မှူးများဖြစ်သည့် တီမောလက်ရွှေးစင်မူရီလိုနှင့် ဂါနာလူမျိုး ဆိစ်တို့ ပြဿနာဖြစ်ခဲ့ရခြင်းဖြစ်သည်။ ဖြစ်ရပ်က ဘယ်ခြမ်းက အီမန့်စ်က ဂိုးရှေ့သို့ ဘောလုံးပေးလိုက်သည်။ လွတ်လွတ်ကျွတ်ကျွတ်ရှိနေသည်။ မူရီလိုက အပိုင်ပိတ်သွင်းရန် စောင့်နေသည်။ မူရီလိုမပိတ်မီ ဆိစ်က ပြေးပိတ်လိုက်သည်။ အပေါ်ကျော်သွားသည်။ မူရီလို ပေါက်ကွဲတော့သည်။ နောက်ပိုင်းမှာ တစ်ယောက်နှင့်တစ်ယောက် အပေးအယူမလုပ်တော့။ တစ်ကိုယ်တော်သာ ကစားနေကြသည်။ ပွဲပြီးတော့လည်း လက်တွဲနှုတ်ဆက်ပြီး နှစ်ယောက် ပြေလည်သွားကြသည်။ ဂိုးလိုချင်လွန်း၍ ဖြစ်ခဲ့သော်လည်း နောက်ပွဲတွေမှာ ထပ်မဖြစ်ဖို့လိုသည်။ ပထမအကျော့က ပြီးဆုံးဖို့ နှစ်ပွဲသာလိုတော့သည်။ အရင်ရာသီတွေထက် အကြိတ်အနယ်ရှိသည်။ ဘာတွေထပ်ဖြစ်မလဲလို့တော့ ရင်ခုန်ကြရဦးမည်။

ဂိုးလိုချင်လွန်းပြီး ပွဲချိန်အတွင်း ပြဿနာဖြစ်ပွားခဲ့သော်လည်း ပွဲအပြီးတွင် ပြေလည်မှုရသွားသည့် မကွေးတိုက်စစ်မှူး ဆိစ်(နံပါတ်-၂၂)နှင့် မူရီလို (နံပါတ်-၁၉)။

ပြည်တွင်းသတင်း

ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် မဟာပဋ္ဌာန်းပွဲကျင်းပ

နေပြည်တော် မေ ၂

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်၏ (ပထမအကြိမ်) အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲကို မေ ၂ ရက် နံနက် ၇ နာရီက ဓနသိဒ္ဓိရပ်ကွက်ရှိ ဓမ္မာရုံသစ်၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အသံမစဲ မဟာပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲတွင် ဓနသိဒ္ဓိရပ်ကွက် သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်မှ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တစာရိတ္တ အမှူးပြုသော သံဃာတော် ၁၀ ပါးက မေ ၂ ရက်မှစ၍ မေ ၄ ရက် နံနက် ၁၀ နာရီအထိ ၃ ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ကျောက်မဲ၌ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုကြိုဆို

ကျောက်မဲ မေ ၂

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျောက်မဲမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ မြို့နယ်ဦးစီးအရာရှိ ဦးကိုကိုကြီး ခေါင်းဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ကျောက်မဲမြို့ပေါ်ရှိ ဝက်ခေါက်ကြော်လုပ်ငန်း၊ မုန့်တီဖိုလုပ်ငန်းများ အပါအဝင် နေအိမ်များသို့ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။

ထို့အပြင် သောက်သုံးရေအခက်အခဲကြုံတွေ့နေသော ရပ်ကွက်များသို့ သောက်သုံးရေဖြန့်ဝေပေးခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မေ ၁ ရက်က ပြုလုပ်ခဲ့ကြသည်။

(၀၉၀)

မိုးကောင်း၌ ကြက်ခြေနီသင်တန်းဆင်း

မိုးကောင်း မေ ၂

မိုးကောင်းမြို့နယ် ပညာရေးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ကျောင်း ကြက်ခြေနီသင်တန်း အမှတ်စဉ်(၃/၂၀၁၃) ဆင်းပွဲကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက မိုးကောင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၊ ခရိုင်မြို့နယ်ပညာရေးမှူး ဦးလီရဲဂျာနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ သန့်ထူးအောင်တို့က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(၀၆၂)

အထက(၅)တာမွေ မြတ်ဆရာပူဇော်ပွဲ

၁၉၉၃-၁၉၉၄ မှ ၁၉၉၈-၁၉၉၉ ပညာသင်နှစ်အထိ

အထက(၅)တာမွေတွင် ပညာသင်ကြားပြသပေးခဲ့သော ဆရာ ဆရာမများအား ပထမအကြိမ် ပူဇော်ကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ၂၀၁၃ခုနှစ် မေ ၁၁ရက် (စနေနေ့)တွင် နံနက် ၉း၃၀နာရီ မှ ၁၁း၃၀နာရီအထိ ရန်ကုန်မြို့၊ ကရဝိက်နန်းတော်၊ ကန်တော်ကြီးဥယျာဉ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်နိုင်ပါရန် ရိုသေစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-

ဆရာဦးမောင်မောင်သန်း	**ဖုန်း-၀၉-၄၂၁၀၂၈၅၄၀**	**ကိုရဲမင်းမြတ်**	**ဖုန်း-၀၉-၅၀၂၂၃၄၃**
ဆရာဦးကျော်တင့်	**ဖုန်း-၀၉-၄၂၀၁၀၀၃၉၉**	**ကိုဇေယျာမျိုး**	**ဖုန်း-၀၉-၄၄၈၀၄၅၄၆၈**
		ကိုရဲမင်းဦး	**ဖုန်း-၀၉-၄၅၀၀၆၅၈၅၄**
		ကိုသိန်းဇော်မင်း	**ဖုန်း-၀၉-၅၀၄၈၂၀၂**

တစ်ဦးတည်းဖြစ်ကြောင်း

အထက(၁) မြောက်ဥက္ကလာပ၊ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ယူနေသော ဦးချစ်မြိုင်၏သမီး မတင်ထက်ထက်ထွန်း(ခ)မထက်ထက်ထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တင်ထက်ထက်ထွန်း(ခ)ထက်ထက်ထွန်း

အမည်ပြောင်း

ဦးရဲမောင်၏သား ရဲဇာနည်မောင် ၃၀-၆-၁၉၉၄အား လျှမ်းပြည့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

လူပျောက်ကြော်ငြာ



ဓာတ်ပုံရှင် ဦးအုန်းမြ ၁၂/အစန(နိုင်)၁၂၂၃၁ ယခုအသက်(၇၀)ခန့်၊ အရပ် ၄ါးပေနှစ်လက်မခန့်၊ ခန္ဓာကိုယ်သေးသွယ်ပြီး ဆံပင်တစ်ခေါင်းလုံးဖြူနေသူသည် တပ်မတော်(လေ)မှ အငြိမ်းစားယူပြီးနောက် ၂၀၀၃ခုနှစ်တွင် အိမ်မှတစ်ဦးတည်းထွက်ခွာသွားခဲ့ရာမှ ယနေ့အထိ မိသားစုနှင့်လုံးဝ အဆက်အသွယ်ပြုလုပ်ခြင်း မရှိတော့ပါသော်လည်း အင်းစိန်နှင့် ဗိုလ်တထောင်မြို့နယ်အတွင်းတွင် မကြာခဏ တွေ့ရပါကြောင်း သတင်းရရှိ၍ မိသားစုမှ လိုက်လံစုံစမ်း ရှာဖွေလျက်ရှိပါသည်။ ၎င်းသည် မှတ်ဉာဏ်အားချို့ယွင်း၍ မိမိနေအိမ်အား မမှတ်မိကြောင်း သုံးသပ်ရပါသဖြင့် တွေ့ရှိသူများမှ ကူညီသတင်းပေးကြပါရန်နှင့် ကူညီရှာဖွေပေးသူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၀၄၇၅၃၄၊ ၀၉-၅၃၄၂၁၈၃

ကြော်ငြာ

ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက (ကမ္ဘောဇဘဏ် လီမိတက် ဥက္ကဋ္ဌ) ဗဟိုအလုပ်အမှုဆောင် ဒေါ်သူ ဦးအောင်ကိုဝင်း သည် (၃၀-၄-၂၀၁၃) ရက်နေ့တွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ၊ နိုင်ငံတော်သမ္မတ မှ ချီးမြှင့်သည့် နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု (နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ တာဝန် အများဆုံး သယ်ပိုး ထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်- ပထမဆု) အား ချီးမြှင့်ခံရခြင်း အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံ နှင့်လူမျိုးအကျိုးကို ဆောက်ထမ်းပြီး ပိုမို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နှင့်
မြန်မာနေရှင်နယ်လိဂ်လီမိတက်

ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ (မက်စ်မြန်မာ ကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ) ဗဟိုအလုပ်အမှုဆောင် ရည်သူ ဦးဇော်ဇော် သည် (၃၀-၄-၂၀၁၃)ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ မှ ချီးမြှင့်သည့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ တာဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်အဖြစ် နိုင်ငံတော်သမ္မတ ၏ ဂုဏ်ထူးဆောင်လက်မှတ် အား ချီးမြှင့်ခံရခြင်းအတွက် အထူးပင်ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံနှင့်လူမျိုးအကျိုးကို ဆောက်ထမ်းပြီး ပိုမို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နှင့်
မြန်မာနေရှင်နယ်လိဂ်လီမိတက်

ပြည်တွင်းသတင်း

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်း သင်းလုံးကျွတ်စည်းဝေးပြီး အမှုဆောင်ရွေးချယ်

ရန်ကုန် မေ ၂

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်အသင်း (၈)ကြိမ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ် အထွေထွေအစည်းအဝေးနှင့် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို ဧပြီ ၂၈ ရက်က အင်းလျားကန်ဟိုတယ် မင်္ဂလာခန်းမ၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဌေးအောင် ၊ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အသင်းသားများ တက်ရောက်ကြောင်း သိရှိရသည်။

ခရီးသွားလုပ်ငန်းလိုင်စင်ရရှိသူ ဦးရေ ၁၁၀၀ ခန့်ရှိပြီး အသင်းသားဦးရေ ၆၁၉ ဦးရှိသည့်အနက် ယခုအစည်းအဝေးသို့ အသင်းသားဦးရေ ၃၆၀ တက်ရောက်ကြောင်း၊ ၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံအတွင်းသို့ ရန်ကုန်-မန္တလေးဝင်ပေါက်မှ ခရီးသွား ခြောက်သိန်းဝန်းကျင်၊ နယ်စပ်ဝင်ပေါက်များမှ ခရီးသွားလေးသိန်းငါးသောင်းဝန်းကျင် စုစုပေါင်းခရီးသွား တစ်သန်းခြောက်သောင်းဝန်းကျင် ဝင်ရောက်မှုရှိကြောင်း၊ မြန်မာပြည်တွင်းဟိုတယ် အခန်းပေါင်း ၉၀၀၀ ခန့်သာရှိသေးကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရန်ရှိသည့်အတွက် အသင်းသားများနားလည်မှု၊ စည်းလုံးမှု၊ စာနာမှုတို့ဖြင့် ပူးပေါင်းပြီး စည်းလုံးညီညွတ်စွာ လုပ်ကိုင်သွားရန်နှင့် ဧည့်လမ်းညွှန် ၇၉၀၀ ခန့်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၁၂ ခုနှစ် အောက်တိုဘာလအတွင်းကျင်းပခဲ့သော ရွေးချယ်တင်မြှောက်ပွဲ အထမမြောက်သဖြင့် ယာယီအလုပ်အမှုဆောင် ဖွဲ့စည်းပြီး အသင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့ရာ ခုနစ်လခန့်အကြာတွင် ရွေးချယ်တင်မြှောက်ပွဲကျင်းပရာ ဆန္ဒပြုသူ ၃၄ ဦးထဲမှ ဥက္ကဋ္ဌဒေါက်တာ အောင်မြတ်ကျော်ပါဝင်သော အလုပ်အမှုဆောင် ၁၅ ဦးတို့ကို အလုပ်အမှုဆောင်အဖြစ် ဆန္ဒမဲပေးရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။ ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်သောစက်ရုံစီးပွားရေးဟုခေါ်ဆိုပြီး ဖွံ့ဖြိုးတိုးတက်ရန် အလားအလာများရှိသည်ဟု သိရသည်။

ခင်ဆိုင်

၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဖွင့်ပွဲကျင်းပ

လပွတ္တာ မေ ၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ပြင်စလူမြို့နယ်ခွဲ ပိုးလောင်းကြီးအုပ်စု ပိုးလောင်းကျေးရွာတွင် ၁၆ ခုတင်ဆံ့ဆေးရုံနှင့် အခြားဆက်စပ်အဆောက်အအုံများကို စင်ကာပူကြက်ခြေနီအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ဆေးရုံအမျိုးအစားမှာအာရ်စီဆိုင်ကလုန်းရဲ့လ်တာ အမျိုးအစားဖြစ်သည်။ အလျား ၁၄၄ ပေ၊အနံပေ ၁၀၀၊ အမြင့် ၃၅ ပေဖြစ်၍ ကုန်ကျငွေ တန်ဖိုးမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၂၇၂၄၄ ဒေါ်လာဖြစ်သည်။

ဆေးရုံဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီက ပိုးလောင်းကျေးရွာ ၁၆ ခုတင်ဆံ့ ဆေးရုံမုခ်ဦးရှေ့၌ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီး ဦးစိုးမြင့်၊ လပွတ္တာခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာသန်းဌေးအောင်နှင့် စင်ကာပူနိုင်ငံကြက်ခြေနီအသင်းအဖွဲ့ဝင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဝန်ကြီးက အမှာစကားပြောကြားခဲ့ပြီး စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်းအဖွဲ့ဝင်မှ ဆေးရုံနှင့်ပတ်သက်သော စာရွက်စာတမ်းများအား လပွတ္တာဆေးရုံအုပ်ကြီး ဒေါက်တာသန်းဌေးအောင်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် လပွတ္တာခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာသန်းဌေးအောင်က လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့သည်။ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ၁၆ ခုတင်ဆံ့ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရှိရသည်။

"လပွတ္တာ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းမြို့နယ်တွေဆီ ရေယာဉ်တွေနဲ့ သွားရောက်ရာမှာခြောက်နာရီအချိန် ကြာပါတယ်။ ကျန်းမာရေးအရေးကိစ္စတွေ ပေါ်ပေါက်တဲ့အခါ အလွန်အခက်အခဲ ကြုံရတဲ့အပြင် သွားရေးခရီးစရိတ် မြင့်မားတာကြောင့် လူနာရှင်တွေ ဝန်ထုပ်ဝန်ပိုးဖြစ်ခဲ့ရပါတယ်။ သာမန်ရောဂါဝေဒနာရှင်တွေကို ဆေးမီးတိုနဲ့ ကုသကြရပါတယ်။အခုလို ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံကြီး ပေါ်ထွန်းလာတဲ့အတွက် ဒေသခံပြည်သူဦးရေ ၅၀၀၀၀ ကျော် စနစ်တကျနဲ့ ကျန်းမာရေးစောင့်ရှောက်ကုသမှု ခံယူနိုင်ကြပြီဖြစ်ပါတယ်။ အခုလို တိုက်နယ်ဆေးရုံဖြစ်လာလို့ ကြည်နူးဝမ်းသာပါတယ်" ဟု ပိုးလောင်းကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ပြောပြခဲ့ကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

မဟာမုနိဘုရားကြီးတွင် သန့်စင်ရွှေချောင်းများအပ်နှံ

မန္တလေး မေ ၂

မန္တလေးမြို့ မဟာမုနိဘုရားကြီးတွင် (၆၃) ကြိမ်မြောက် ရွှေမိုက်ထုတ်လုပ်ငန်းမှ သန့်စင်ရွှေချောင်းအပ်နှံပွဲကို ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ မဟာမုနိဘုရားကြီးမိုးကောင်းဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဝါဆိုကျောင်းဆရာတော်ကြီး၊ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော်အမှူးပြုသော မဟာမုနိဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဝါဆို ကျောင်းဆရာတော်ကြီးထံမှ ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူကြသည်။ ထို့နောက် ရွှေမိုက်ပညာရှင် ဦးသန်းလွင်နှင့် ညီအစ်ကိုများ(ရွှေမိုက်ထုတ်လုပ်ငန်း)က ရွှေချိန် ပေါင်း၄ ပိဿာ ၅၃ ကျပ်သား ၁၀ ပဲ ၁ ရွေး အလေးချိန်ရှိ သန့်စင်ရွှေချောင်း ရှစ်ချောင်းအား မန္တလေးတိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီးဦးသန်းစိုးမြင့်၊ မဟာမုနိဂေါပက ဦးမြဝင်းတို့ထံ အပ်နှံသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ကြီးက ဆရာတော်ကြီးများထံ ရွှေချောင်းများကို ဆက်ကပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် မြတောင်တိုက်ရွှေဝါဝင်းကျောင်းဆရာတော် ဘဒ္ဒန္တ သာသနာဘိဝံသထံမှ ရေစက်ချအနုမောဒနာတရားနာယူကြသည်။ မဟာမုနိဘုရားကြီးတွင် (၆၃)ကြိမ်မြောက် ရွှေမိုက်ထုတ်ခြင်းလုပ်ငန်းကို မဟာမုနိဘုရားကြီးရင်ပြင်တော် ရာဟုထောင့်တွင် မတ် ၁၃ ရက်မှစတင်ခဲ့ပြီး ဧပြီ ၂၂ ရက်တွင် ရွှေသန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
Tender No.01/DHPI/ Survery/2013-2014		
(က)	ODOM Hydrographic Echo Sounder	၃ စုံ
(ခ)	River Surveyor M.9 System	၂ စုံ
(ဂ)	Automatic Weather Station	၆ စုံ
Tender No.02/DHPI/Admixture/2013-2014		
(က)	Fosroc Conplast-R (MR_2) Admixture	၁၃၀၂၀၀ လီတာ
(ခ)	Grace GP.101 Admixture	၅၅၈၀၀ လီတာ
Tender No.03/DHPI/Equipment/2013-2014		
(က)	Hydraulic Hose Crimping Machine	၂ စုံ

၂။ ပစ္စည်းများ၏ (Technical Specification) များအား ၂၈-၅-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် ဇွန်လ ၄ ရက်၊ မွန်းတည့် ၁၂ နာရီဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) နိုင်ငံခြားငွေ (USD) ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
Tender No.04/DHPI/ Lab Equipment/2013-2014		
(က)	Triaxial Compression Test Equipment	(၁) စုံ
(ခ)	Large-Scale Constant Head Permeability Test Equipment	(၂) စုံ
(ဂ)	Standard Scale Constant Head Permeability Test Equipment	(၅) စုံ
(ဃ)	Large Scale Compaction Test Equipment	(၁) စုံ
	Consolidation Test Equipment	(၁) စုံ
Tender No.05/DHPI/Equipment/2013-2014		
(က)	Shotcrete Machine Aliva III	(၃) စုံ
(ခ)	Concrete Pump Truck	(၂) စုံ

၂။ ပစ္စည်းများ၏ Technical Specification များအား ၂၈-၅-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ ကြိုတင် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် ဇွန်လ ၄ ရက်၊ မွန်းတည့် ၁၂ နာရီဖြစ်ပြီး ၁၃:၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

ကိုရီးယားနိုင်ငံရဲ့ ဆိပ်ကမ်းမြို့တော် ဘူဆန်မြို့ရဲ့ အစဉ်အလာကြီးမားတဲ့
Pukyong National University တွင်
B.A/B.Sc ဘွဲ့အတွက် (၄)နှစ်တာ ပညာသင်ဆု အရွေးအချယ်အစရေး

[illegible]

ရွေးချယ်ခံရသူများ၏ အကြောင်းကို ၂၀၁၃-၆-၂၀ ရက် နောက်ဆုံးပေးပို့ရပါမည်။

လျှောက်ထားခွင့်ရှိသူများ

(၁) ကိုရီးယားဘာသာစကား အရည်အချင်း TOPIK LEVEL - 3 နှင့်အထက်

(၂) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ၊ ဘွဲ့ရရှိပြီးသူ

(၃) အသက် ၂၁ နှစ်အောက် (၁၉၉၂ မှစ၍ နောက်ပိုင်းမွေး)

(၁၀)တန်း ရမှတ်ကောင်းသူများအတွက် [illegible]

ပေးပို့ရမည့်စာရွက်စာတမ်း

(၁) ကိုယ်ရေးအကျဉ်းနှင့်ဓာတ်ပုံ (၃)ပုံ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်

(၂) တက္ကသိုလ်ဝင်တန်း အမှတ်စာရင်းမိတ္တူ (ဘွဲ့ရသူများ ဘွဲ့၏ အမှတ်စာရင်းပါ ပူးတွဲတင်)

(၃) TOPIK လက်မှတ်မိတ္တူ

(၄) နိုင်ငံသားကတ်မိတ္တူ (နိုင်ငံကူးလက်မှတ်ရှိသူ ပူးတွဲတင်)

(၅) အိမ်ထောင်စုစာရင်း မိတ္တူ

မှတ်ချက် ။ ။ M.A တန်းတက်ရောက်လိုသူများအတွက်လည်း Scholarship ပေးပါသည်။ [illegible]

ပုံစံ(၈)ဝင် ဆက်စပ်ပစ္စည်းများအားရောင်းချရန်လေလံကြော်ငြာ
(၂/၂၀၁၃-၂၀၁၄)

[illegible]

လေလံတင်ရောင်းချရေးကော်မတီ

ပုံစံ(၈)ဝင်ကျွဲ၊ နွားများအားရောင်းချရန်လေလံကြော်ငြာ
(၁/၂၀၁၃-၂၀၁၄)

[illegible]

လေလံတင်ရောင်းချရေးကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
Tender No.06/DHPI/Spare/ 2013-2014		
(က)	**Spare Parts (Heavy Machinery Spare)**	**1 Lot**

၂။ ပစ္စည်းများ၏ (Technical Specification) များအား ၅-၆-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် ဇွန်လ ၁၈ ရက် မွန်းတည့် ၁၂ နာရီဖြစ်ပြီး ၁၃:၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ် (၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

မြစ်ကြီးနား မေ ၂

မေ ၂၇ ရက်နှင့် ၂၈ ရက်များက ဝိုင်းမော်မြို့နယ် ရပ်ကွက်(၁) နတ်မြင်းခတံတား၌ မြစ်ကြီးနားမူးယစ်(အထူး) အဖွဲ့၏ ကြိုးပမ်းအားထုတ်မှုဖြင့် မူးယစ်ဆေးဝါးအမြောက်အမြား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၇ ရက် မွန်းတည့် ၁၂ နာရီက မြစ်ကြီးနား (မူးယစ်)မြို့ပေါ်လှုပ်ရှားအဖွဲ့မှ ဒုရဲအုပ်ခင်ဇော်ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဝိုင်းမော်မြို့နယ် ရပ်ကွက်(၁)၊ နတ်မြင်းခတံတား၌ သတင်းအရ စောင့်ဆိုင်းနေစဉ် ဝိုင်းမော်မှ မြစ်ကြီးနားသို့ ယာဉ်မောင်း ဦးအောင်မြိုင် မောင်းနှင်လာသည့် ယာဉ်အမှတ်-၁ဟ/. . . သုံးဘီးဆိုင်ကယ်ပေါ်တွင် ခရီးသည် မမူမူအေးအား ရှာဖွေစစ်ဆေးရာ ၎င်း၏ ဝါးဆွဲခြင်းအတွင်း အံဝှက်ဖြင့်ပြုလုပ်ထားသည့် အထဲမှ အဖြူရောင်စာအိတ်နှစ်အိတ်အတွင်း၌ အပြာရောင်ကပ်ခွာအိတ်ဖြင့် ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ နှစ်ထုပ်စီဖြင့် ကာလတန်ဖိုးငွေကျပ် ၂၄ သိန်းရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၊ အစိမ်းရောင် ခေါက်ဆွဲခြောက်ထုပ်နှစ်ထုပ်အတွင်း အပြာရောင်နှင့် ပန်းရောင် ဆပ်ပြာခွက်နှစ်ခွက်ဖြင့် ဘိန်းဖြူမှုန့် ၁၂ ဒသမ ၅ ဂရမ်စီပါ နှစ်ထုပ်မှ ကာလတန်ဖိုး ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ ဘိန်းဖြူမှုန့် ၂၅ ဂရမ်နှင့်အတူ ရှာဖွေဖမ်းဆီးရမိကာ မမူမူအေး (၃၆ နှစ်)အား ဝိုင်းမော် ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူကြောင်း သိရသည်။

အမှုဖွင့်အရေးယူ

အလားတူ မေ ၂၈ ရက် နံနက် ၉ နာရီက မြစ်ကြီးနား(မူးယစ်) မြို့ပေါ်လှုပ်ရှားအဖွဲ့မှ ဒုရဲအုပ်ခင်ဇော်နှင့်အဖွဲ့က ဝိုင်းမော်မြို့နယ် နတ်မြင်းခတံတား၌ စောင့်ဆိုင်းနေစဉ် ယာဉ်မောင်းထွန်းထွန်းဦး မောင်းနှင်လာသည့် သုံးဘီးယာဉ်ပေါ်တွင် လိုက်ပါလာသူ ဒေါ်သိန်းခင်နုအား စစ်ဆေးရာ ၎င်းလွယ်ထားသည့် Anlugi တံဆိပ်ပါအညိုရောင် မိန်းမကိုင်ဘေးလွယ်အိတ်အတွင်းမှ အပြာရောင်ကပ်ခွာအိတ်များဖြင့် ထည့်ထားလျက် WY စာတန်းပါပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ လေးထုပ်၊ ကာလတန်ဖိုးငွေကျပ် ၂၄ သိန်းရှိ ဆေးပြား ၈၀၀၊ ၎င်းကိုင်ဆောင်ထားသည့် ကြွပ်ကြွပ်အိတ်ငယ်အတွင်းရှိ ဆပ်ပြာခွက်နှစ်ခွက်အတွင်းမှ ဘိန်းဖြူမှုန့် ၂၅ ဒသမ ၅ ဂရမ်၊ အနက်ရောင်ကြွပ်ကြွပ်အိတ်ငယ်အတွင်း ဘူးငယ် ၁၀ ဘူးအတွင်းမှဘိန်းဖြူမှုန့် ၀ ဒသမ ၁ ဂရမ်၊ စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၂၀၄၈၀၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၂၅ ဒသမ ၆ ဂရမ်ကို ရှာဖွေသိမ်းဆည်းရမိကာ ဒေါ်သိန်းခင်နု (၄၃ နှစ်)အား ဝိုင်းမော်မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

မိုးဃ်ကျ(မြစ်ကြီးနား)

မေ ၃၀ရက် ညနေ ၅နာရီက ပျဉ်းမနား-တောင်ညို လမ်းမကြီးပေါ် အမှတ်(၁)ရဲစခန်းအနီးတွင် သပြေကုန်းဈေးမီးပွိုင့်ဘက်မှ စည်ပင်ရိပ်သာဘက်သို့ မောင်းနှင်လာသော ၈ဃ/----- Dagon Jeep ယာဉ်တစ်စီး ပလက်ဖောင်းကိုကျော်တက်၍ ကွန်ကရစ်မီးတိုင်ကို ဝင်ရောက်တိုက်မိရာ ကွန်ကရစ် တိုင်ပြုတ်ထွက်၍ Jeep ယာဉ်၏ ခေါင်းပိုင်းကို ပိနေစဉ်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

အဖျက်မီးရန်
စဉ်တွန်းလှန်
မြန်ပြည်
အေးချမ်းမည်

ငါးလုပ်ငန်းဝန်ထမ်းများအား နိုင်ထက်စီးနင်းပြု

စစ်ကိုင်း မေ ၂

စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုဦးစီးမှူး ဦးမြင့်လွင်၏ လှေမောင်းတစ်ဦး၊ အင်းသားကြီးတစ်ဦးနှင့် ဝန်ထမ်းလေးဦးတို့သည် မေ ၂ ရက် နံနက် ၁၀ နာရီက ဆင်တပ်ကျေးရွာအနီး ဧရာဝတီမြစ်အတွင်း တရားမဝင် ဘက်ထရီရှော့တိုက် ငါးဖမ်းနေကြောင်း သတင်းအရ ကွင်းဆင်းစစ်ဆေးခဲ့ရာ တံတားဦးမြို့နယ် ထောက်ရစ်ကျေးရွာအနီး၌ တရားမဝင်ဘက်ထရီရှော့တိုက် ငါးဖမ်းနေသည့် မောင်မေ့(ခ)နားလေးတို့ ဇနီးမောင်နှံအား တွေ့ရှိရသဖြင့် သက်သေခံပစ္စည်းများအား သိမ်းဆည်းခဲ့ပြီးနောက် ပညာပေးကာ ပြန်လွှတ်ပေးခဲ့သည်။

စစ်ဆေးရေးအဖွဲ့သည် ဆင်တပ်ကျေးရွာသို့ ဆက်လက်ထွက်ခွာလာပြီး မြစ်ရေပြင်၌ ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးမှုများ မတွေ့ရသဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ည ၇ နာရီခွဲတွင် ထောက်ရစ်ကျေးရွာရှေ့ ဧရာဝတီမြစ်အတွင်းသို့ ရောက်ရှိလာစဉ် ထောက်ရစ်ကျေးရွာဘက်မှ လှေငါးစင်းဖြင့် လူ၂၀ ခန့်တို့သည် တုတ်၊ ဓား၊ လက်နက်များကိုင်ဆောင်ပြီး စစ်ဆေးရေးအဖွဲ့၏ စက်လှေနောက်လိုက်လာကာ လှေချင်းဝင်တိုက်ရပ်ခိုင်းပြီး ၎င်းတို့ကျေးရွာဘက်အခြမ်းသို့ကပ်ခိုင်းကာ ကမ်းအရောက်တွင် လှေပေါ်မှ လူအားလုံးကိုဆင်းခိုင်းပြီး သိမ်းဆည်းထားသော သက်သေခံပစ္စည်းများအား ယူဆောင်၍ "မင်းတို့ တယ်လီဖုန်းတွေအကုန်ပေး၊ ဓာတ်ပုံရိုက်ထားတဲ့ အထောက်အထားပေး"ဟု ဆိုပြီး တယ်လီဖုန်းသုံးလုံးအား လှေပေါ်တွင် ထုခွဲဖျက်ဆီး ရေထဲလွှင့်ပစ်ခဲ့သည်။ ထို့အပြင် ရုံးစာရွက်စာတမ်းများနှင့် ငွေကျပ် ၅၀၀၀၀ ထည့်ထားသည့်အိတ်ကို ယူဆောင်၍ စာရွက်စာတမ်းများကို မြစ်တွင်းသို့ လွှင့်ပစ်ခဲ့ပြီး အိတ်ကို ယူဆောင်သွားသည်။ ထို့အပြင် မြို့နယ်ဦးစီးမှူး၏ နေ့စဉ်မှတ်တမ်းစာအုပ်ကိုလည်း ရေထဲလွှင့်ပစ်ခဲ့ပြီး စစ်ဆေးရေးအဖွဲ့ စက်လှေတစ်စင်း၏ အင်ဂျင်ကိုလည်း ထုခွဲဖျက်ဆီးခဲ့ကာ ၎င်းတို့အဖွဲ့သည် ထောက်ရစ်ကျေးရွာသို့ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တာဝန်ရှိဝန်ထမ်းများအပေါ် ဥပဒေမဲ့ပြီး မင်းမဲ့စရိုက်ဆန်ဆန် နိုင်ထက်စီးနင်းပြုကျင့်သွားသူများကို အရေးယူပေးရန် စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးမှူးက တံတားဦးရဲစခန်းသို့ တိုင်ကြားရာ ရဲစခန်းမှပြည်သူ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ခြင်းကို ဟန့်တားနှောင့်ယှက်ဖျက်ဆီးမှုဖြင့် အရေးယူပြီး တရားခံများကို စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၃၇)

ဂုဏ်ယူဝမ်းမြောက်ကြောင်း

SCG Cement (Thailand) မှ ချီးမြှင့်သော အရှေ့တောင်အာရှ၏ ရောင်းအားအကောင်းဆုံး(ပထမ)ဆု "Top Dealer Award (2012)" ကို ချီးမြှင့်ခြင်းခံရသည့် "Zin Htet " Trading Co.,Ltd. အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း...

ဦးမျိုးဝင်း-ဒေါ်မြမြဝင်း
အောင်မြသန်း
ရေယာဉ်မိသားစုနှင့်ဘိလပ်မြေရောင်းဝယ်ရေး
မုံရွာမြို့

မြန်မာနိုင်ငံ၏တစ်ခုတည်းသော တက္ကသိုလ်ပုံစံ (International University Campus)

MCC.*i* Yatanarpon Special Campus
(ရတနာပုံနည်းပညာမြို့သစ်၊ ပြင်ဦးလွင်)

Pre-University Orientation Course တွင်စတင် တက်ရောက်နိုင်ပါပြီ၊
နိုင်ငံခြားတက္ကသိုလ်ဘွဲ့များအတွက်အကြိုသင်တန်း

- B.Sc (Hons) Business IT Awarded by: (University of Greenwich)
- B.S.E Awarded by: (Asian Institute of Technology)
- B.B.A Awarded by: (Siam University)
- B.Tech - Computer Game Multimedia Awarded by: (Rangsit University)

* အနယ်နယ်အရပ်ရပ်မှ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုပြီးသူ ကျောင်းသား/ကျောင်းသူများအတွက် ဘွဲ့ကြိုသင်တန်းကို ရတနာပုံ နည်းပညာမြို့သစ်တွင် တက်ရောက်နိုင်ပါပြီ။

Enroll Now : MCC.*i* (Yatanarpon Campus) Tel : 02-5178132, 5178112, 5178113, 5178114, 09-43104988, 09-43104966, 09-5067165

မုဒုံမြို့နယ် ကင်းချောင်းကျေးရွာ၌ မူလတန်းကျောင်းဆောင်သစ်ဖွင့်

နေပြည်တော် မေ ၂

မုဒုံမြို့နယ် ကင်းချောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် အဆောက်အအုံ ဖွင့်ပွဲနှင့်ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၈ ရက်တွင် အဆိုပါကျောင်း၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာလှဦးနှင့် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးသက်ဝင်းတို့က အလျားပေ ၁၂၀ နှင့် အနံပေ ၃၀ ရှိ RC တစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ကင်းချောင်းကျေးရွာ ကျောင်းဆောင်ဟောင်းအား ပြန်လည်ပြုပြင်ရန်အတွက် မတည်ငွေကျပ် သိန်း ၂၀ နှင့် ကျေးရွာသူကျေးရွာသားများ၏ ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၂၀ စုစုပေါင်း ငွေကျပ်သိန်း ၄၀ ကို ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးသက်ဝင်းကပေးအပ်ရာ ပြည်နယ်ပညာရေး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းတင်က လက်ခံသည်။

အမှာစကားပြောကြား

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကင်းချောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်အတွက် ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ ကျောင်းသုံးစားပွဲကုလားထိုင် ပရိဘောဂပစ္စည်းများကို ပြည်နယ်ပါတီအလုပ်အမှုဆောင် ဦးဇော်မြင့်နှင့် မြို့နယ်အတွင်းရေးမှူး ဦးမောင်မောင်သန်းတို့က ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးကလည်းကောင်း၊ ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ရွှေနဒီဆောက်လုပ်ရေးဥက္ကဋ္ဌက ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးဖြူဝင်းက လည်းကောင်း လက်ခံယူပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့တွင် လူကုန်ကူးသူများအား အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီချမှတ်

မိတ္ထီလာ မေ ၂

မိတ္ထီလာမြို့ အောင်ဇေယျရပ်ကွက် နယ်မြေ (၆)နေ ဒေါ်ချိုတီ (၅၃ နှစ်) ထံ ဖေဖော်ဝါရီ ၇ ရက်က ရပ်ကွက်ကောင်စီရုံးမှတစ်ဆင့် ဖုန်းလာသဖြင့် သွားရောက်နားထောင်ရာ ရန်ကုန်မြို့နေ ဒေါ်မော်ထံမှ ဖြစ်ပြီး ၎င်း၏သမီးနှင့် ဒေါ်ချိုတီ၏ သမီးကလေးသုံးယောက် မိခင်တို့မှာ တရုတ်နိုင်ငံတွင် လူကုန်ကူးခံရသဖြင့် ဒုက္ခရောက်နေကြောင်း၊ ထွက်ပြေး၍လည်းမရကြောင်း၊ ၎င်းတို့အား လူကုန်ကူးရောင်းချသူမှာ တစ်ရပ်ကွက်တည်းနေ ဝါဝါသိန်း ဆိုသူဖြစ်ကြောင်း ပြောပြသည်။

ထို့ကြောင့် ဒေါ်ချိုတီက မိတ္ထီလာအမှတ်(၂) ရဲစခန်းသို့ ၎င်း၏သမီးအား တရုတ်နိုင်ငံသို့ လူကုန်ကူးရောင်းချသူ ဒေါ်ဝါဝါသိန်းနှင့် အပေါင်းပါတို့အား အရေးယူပေးရန် တိုင်ကြားခဲ့သည်။

အမှတ်(၂) ရဲစခန်း လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေအရ အမှုဖွင့်ပြီး လူကုန်ကူးသူ အောင်ဇေယျရပ်ကွက် နယ်မြေ(၆)နေ မဝါဝါသိန်း (၃၀ နှစ်)၊ မတင်မာကြည် (ခ) မခင်မာကြည်(၄၀ နှစ်)၊ ဖိုးကျော် (၄၅ နှစ်)၊ မခင်သီတာ(ခ)မဖြူဖြူဝင်း (၂၆ နှစ်)၊ မျိုးဇော်ဝင်း (ခ) ကျော်ကျော် (၂၆ နှစ်)တို့ ငါးဦးကို ဖမ်းဆီးပြီး မိတ္ထီလာခရိုင် တရားသူကြီးရုံး၌ မတ် ၆ ရက်က တရားစွဲတင်ပို့ခဲ့သည်။ မိတ္ထီလာခရိုင် တရားရုံးကအမှုကို လက်ခံကြားနာစစ်ဆေးခဲ့ပြီး ဧပြီ ၃၀ ရက်က တရားခံ မဝါဝါသိန်း၊ မတင်မာကြည် (ခ)မခင်မာကြည်၊ ဖိုးကျော်၊ မခင်သီတာ(ခ) မဖြူဖြူဝင်းနှင့် မျိုးဇော်ဝင်း(ခ) ကျော်ကျော်တို့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ- ၂၈(က)ကို ကျူးလွန်ကြောင်း ထင်ရှားသဖြင့် တစ်ဦးလျှင် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ **တင်လှိုင်**

ခမုံမြစ်ရေတိုက်စား၍ သမိုင်းဝင်စေတီပုထိုးများနှင့် အထကကျောင်း၊ ဆေးရုံတို့ကို ကမ်းပြိုမှုကခြိမ်းခြောက်နေ

သာယာဝတီ မေ ၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့သည် သာယာဝတီရှေ့အခြမ်းနှင့် သာယာဝတီ အနောက်ခြမ်းဟူ၍ ပထဝီအနေအထားအရ နှစ်ပိုင်းရှိသည်ဟု မြင်သည်။ သာယာဝတီ အရှေ့ခြမ်းတွင် လယ်ယာမြေများသာရှိပြီး မြစ်ချောင်းများနည်းပါးသည်။ သာယာဝတီအနောက်ခြမ်းတွင်မူ လယ်ယာမြေများရှိသကဲ့သို့ အင်း၊ အိုင်များနှင့် မြစ်မခမြစ်ဟု လူသိများသော(ခမုံမြစ်)က စံရွေးရွာနှင့်ဖိုးခေါင်ရွာနှစ်ရွာကို ဝေ့ကာဝိုက်ကာ စီးဆင်းလျက်ရှိသည်။

ယင်းကဲ့သို့ စီးဆင်းနေသည်နှင့်အမျှ ရွာနှစ်ရွာကိုခွဲပြီး ကမ်းပါးများကို မိုးတွင်းကာလတွင် မြင်မကောင်းအောင် တိုက်စားသည်။

မိုးများသောအခါနှင့် မြစ်ရေကြီးသောအခါများတွင် ရေကြီးနစ်မြုပ်မှုကိုလည်း နှစ်စဉ်ခံစားကြရသည်။ ၁၈၅၃ ခုနှစ်ခန့်က နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်တိုက်ခိုက်ခဲ့သည့် သာယာဝတီ ဦးခေါင်းကြီး၊ ဦးခေါင်းလေးတို့ တည်ထားခဲ့သည်ဟု မှတ်သားရသည့် နှစ်ပေါင်း ၁၆၀ နီးပါးရှိနေပြီဖြစ်သော စံရွှေကျေးရွာမှ ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီများသည် မြစ်မခမြစ်ထဲ ပြိုပျက်ကိန်းဝပ်စံပယ်ရတော့မည့်အခြေအနေသို့ ဆိုက်ရောက်ခါနီး ရှိနေခြင်းပင်ဖြစ်သည်။

ထို့အပြင် စံရွှေရွာနှင့်အနီးဝန်းကျင်ရွာတို့မှ လယ်ယာဦးကြီးတို့၏ ရင်သွေးငယ်များ ပညာရည်နို့သောက်စို့ရာ အခြေခံပညာ အထက်တန်းကျောင်းသည်လည်း မြစ်မခမြစ်ထဲသို့ ဘဝတစ်ပါးပြောင်းရတော့မည့် အခြေအနေရှိနေသည်။

ထို့အပြင် ကျေးလက်နေ လယ်ယာ ဦးကြီးများကို ကျန်းမာရေးစောင့်ရှောက်ပေးနေသော ခုတင် ၂၀ ဆံ့ တိုက်နယ်ဆေးရုံသည်လည်း ကမ်းပါးပြိုလျှင်ပါသွားတော့မည့် အခြေအနေသို့ နီးကပ်နေပြီ ဖြစ်သည်။

ကျေးရွာသူ ကျေးရွာသားများ၏ ဆန္ဒမှာမြစ်ကြောင်း တိုက်ရိုက်စီးသွားမည့် ရေကြောင်းလမ်းကို ဖောက်လိုကြခြင်းဖြစ်သည်။ ဤသို့မြစ်ကြောင်းလွှဲပေးနိုင်မည်ဆိုလျှင် ကမ်းပြိုခြင်းဘေးဒုက္ခမှကင်းဝေးမည်ဟု ခိုင်မာစွာယုံကြည်နေကြသည်။

စံရွှေသူ စံရွှေသားများက မိုးကျလာလျှင် မြစ်ရေတိုးကာ ကမ်းပါးများ ထပ်မံပြိုမည့်အရေးကို ရတက်မအေးဖြစ်ရကြောင်း တင်ပြအပ်ပါသည်။ **ဖြိုးဝေလင်း**

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက်
သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါ၍ ၂၀၁၃ခုနှစ်တွင် အဋ္ဌမတန်းအောင်မြင်သော အသက်(၁၇)နှစ်အောက် ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်သည်။

၂။ (၂)နှစ်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက AGTI ပထမနှစ်သို့ တိုက်ရိုက်တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

၃။ (၂)နှစ်သင်တန်းကို ရိုးရိုးအဆင့်ဖြင့်အောင်မြင်ပါက လုပ်ငန်းခွင်လက်တွေ့သင်တန်း လေးလတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းအောင်မြင်ကြောင်းလက်မှတ် Certificate ရရှိပြီးပါက အစိုးရဌာနများတွင် ပုဂ္ဂလိကလုပ်ငန်းများသို့ စက်မှုကျွမ်းကျင်ဝန်ထမ်းအဖြစ် အလုပ်လျှောက်ထားနိုင်မည်ဖြစ်သည်။ ပညာဆက်လက်ဆည်းပူးလိုပါက ပထမနှစ်သင်တန်းအောင်မြင်ပြီး ဒုတိယနှစ်သင်တန်းအောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ပြင်ပဖြေအနေဖြင့် ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။

ဖွင့်လှစ်မည့် သင်တန်းများ

၄။ အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-
- (က) အဆောက်အအုံနည်းပညာသင်တန်း (Building Technology)
- (ခ) အီလက်ထရွန်နစ်နည်းပညာသင်တန်း (Electronics Technology)
- (ဂ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)
- (ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း (Auto Mechanics Technology)
- (င) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)
- (စ) လေအေးစက်နှင့် အအေးပေးစနစ်ပြုပြင်မွမ်းမံမှုနည်းပညာသင်တန်း (Refrigeration and Air Conditioning Technology)
- (ဃ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း (Metal Process Technology)
- (ဓ) သုတနည်းပညာသင်တန်း (Information Technology)

သင်ကြားရမည့်ဘာသာရပ်များ

၅။ အောက်ပါဘာသာရပ်များကို သင်ကြားရမည်ဖြစ်ပါသည်-
- (က) မြန်မာစာ
- (ခ) အင်္ဂလိပ်စာ
- (ဂ) သင်္ချာ
- (ဃ) ရူပဗေဒ
- (င) ဓာတုဗေဒ
- (စ) ဘောဂဗေဒ
- (ဆ) မိမိသင်တန်း၏ အထူးပြုဘာသာရပ်
- (ဓ) ပုံဆွဲဘာသာရပ်

ကျောင်းအပ်စတင်လက်ခံမည့်ရက် - **၁၄-၅-၂၀၁၃ရက် (အင်္ဂါနေ့)**
ကျောင်းစတင်ဖွင့်လှစ်မည့်ရက် - **၃-၆-၂၀၁၃ရက် (တနင်္လာနေ့)**
ကျောင်းလက်ခံမည့်နောက်ဆုံးရက် - **၁၀-၆-၂၀၁၃ရက် (တနင်္လာနေ့)**

၆။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို နီးစပ်ရာအစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ရယူလျှောက်ထားနိုင်ပြီး ၇-၆-၂၀၁၃ရက် (သောကြာနေ့) နောက်ဆုံးထား၍ မိမိလျှောက်လွှာရယူထားသည့် အစိုးရနည်းပညာအထက်တန်းကျောင်းသို့ တင်သွင်းရမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက မိမိလျှောက်လွှာရယူသော အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ဆရာဝန် တင်မောင်ကြည်(မန္တလေး)
မြန်မာပြည်ရောက်
ယိုးဒယားအနွယ်လာများ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၆၊ မြေကွက်အမှတ် ၇၂/ခ၊ မြေကွက်တည်နေရာအမှတ် ၇၂/ခ၊ စိန်ရတနာလမ်း၊ ၅၆ ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဦးဌေးမြင့်အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက်ဦးဌေးမြင့်ထံမှ အရပ်စာချုပ်ဖြင့်ဝယ်ယူထားသူ ဒေါ်မှီ ၁၂/ဗဟန(နိုင်)၀၅၆၆၅၁ က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် စိုက်မွေး(၁)၊မြေကွက်အမှတ် ၃၅၊ မြေကွက်တည်နေရာအမှတ် ၃၅၊ လမ်းသွယ်(၁)၊ စိုက်မွေး(၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးညွန့်ရွှေအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးညွန့်ရွှေက နှစ်၆၀မြေငှားစာချုပ်ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်လွှာများတင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

UEC
United Education Centre
အဆင့်မြင့်ကိုယ်ပိုင်ကျောင်း

ကျောင်းအပ်နှံထားသူ မိဘတိုင်း စိတ်ချမ်းသာမှု ရရှိနေကြသည်။
၅၊ ၆၊ ၇၊ ၈ တန်းများ မေလ (၆)ရက်တွင် စတင်ဖွင့်လှစ်မည်။ (ကျူရှင်၊ ကျောင်းကြိုးတက်ရန်မလို)
၈၊ ၉၊ ၁၀ ဘော်ဒါ နှင့် DAY CAMP တန်းခွဲများ လူပြည့်ပါတော့မည်။ (လူဦးရေတိကျစွာ ကန့်သတ်ထားသည်)
စာသင်ကျောင်း - အမှတ် (၄၇)၊ ခံရိပ်မြိုင် (၅)လမ်း၊ ကမာရွတ်မြို့နယ်။ Ph: 01-539875, 09 5157988
အဆောင်များ - အမှတ် (၁၅/က)နှင့် (၁၅/ခ)၊ ခံရိပ်မြိုင် (၅) လမ်း။ Ph: 09 5080478, 09 73065707

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်း ရှင်းလင်းပွဲ ကျင်းပ

ပေါင် မေ ၂

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ဧပြီ ၂၇ ရက်က ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်က လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များက လယ်ယာမြေဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသော ရပ်ကွက်/ကျေးရွာအုပ်စုများမှ လယ်ယာမြေစီခံခန့်ခွဲမှုအဖွဲ့များက တွေ့ကြုံရသည့် အခက်အခဲများနှင့် တင်ပြချက်များအပေါ် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးတင်အောင်ကြည်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ပေါင်မြို့နယ် ကြခတ်ငူကျေးရွာအုပ်စုရှိ အောင်ပင်လယ်တူးမြောင်းတူးဖော်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လိုက်လံစစ်ဆေး

ကျောက်မဲမြို့ ဗဟိုဈေးကွက်ကြီး မီးဘေးအန္တရာယ်ကင်းဝေးရေးနှင့် လုံခြုံရေးတို့အတွက် ဗဟိုဈေးကြီးပတ်လည်တွင် တပ်ဆင်ထားသော မီးသတ်ရေငုပ်တိုင်များ ကောင်းမွန်ခြင်းရှိမရှိကို မြို့နယ်စည်ပင်ဒုဦးစီးမှူး ဦးတင်ရှိန်(ဈေး)၊ ဈေးသာယာရေးအဖွဲ့၊ ဈေးအရန်မီးသတ်တပ်ဖွဲ့တို့မှ တာဝန်ရှိသူများ ဧပြီ ၂၉ ရက်က လိုက်လံစစ်ဆေးကြစဉ်။ မောင်မောင်(ကျောက်မဲ)

တရားမဝင်ကျွဲ/နွားသယ်ဆောင်သူများ ဖမ်းဆီးရမိ

တောင်ကြီး မေ ၂

ရှမ်းပြည်နယ် တောင်ကြီးမြို့ အမှတ်(၂) ရဲစခန်းမှ ရဲအုပ်ထွန်းထွန်းဦး၊ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် ဌေးနောင်နှင့်အဖွဲ့သည် နန်းဟူးကျေးရွာအုပ်စုအတွင်း တရားမဝင်ကျွဲ/နွား သယ်ဆောင်သည့် သတင်းအရ သက်သေများနှင့်အတူ ဧပြီ ၂၉ ရက် နံနက် ၂ နာရီ ၄၅ မိနစ်က နန်းဟူးကျေးရွာအုပ်စု မဲစောစင်ကျေးရွာ အနောက်ဘက် တောင်နီကျေးရွာဘက်မှ မဲစောစင်ကျေးရွာဘက်သို့ အိုက်လုံ (၃၈ နှစ်) ဦးစီးသည့် အင်အား ၁၃ ဦးဖြင့် သယ်ဆောင်လာသည့် နွား ၇၃ ကောင်၊ စိုင်းစိတ္တ (၂၇ နှစ်) ဦးစီး၍ လူအင်အား ရှစ်ဦးဖြင့် သယ်ဆောင်လာသည့် နွား ၄၅ ကောင်၊ အားတီ(ခ) ကျော်ကျော်ဦး (၂၀ နှစ်) ဦးစီး၍ လူအင်အား ၁၀ ဦးဖြင့် သယ်ဆောင်လာသည့် နွား ၇၂ ကောင်အား တွေ့ရှိစစ်ဆေးရာ မိုင်းကိုင်မြို့သို့ ပို့ဆောင်ရန် သယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ နွားသယ်ဆောင်သူများနှင့် နွားများအား ဇလဲ-တောင်ကြီးလမ်းအတိုင်း သယ်ဆောင်လာစဉ် ပေါ့မူရွာသစ် အနီးတွင် ကားလမ်းအား ဖြတ်ကူးလာသည့် စိန်လှ (၃၃ နှစ်) ဦးစီး၍ လူအင်အား ၁၇ ဦးဖြင့် သယ်ဆောင်လာသည့် နွား ၄၇ ကောင်အား တွေ့ရှိ၍စစ်ဆေးရာ လဲချားမြို့သို့ ပို့ဆောင်ရန် သယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ သယ်ဆောင်ခွင့် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိ၍ သက်သေများနှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိခဲ့သည့် နွား ၂၃၇ ကောင် ခန့်မှန်းတန်ဖိုး ၁၆၅၉ သိန်းရှိ နွားများအား တောင်ကြီးမြို့ အမက(၁၀)ကျောင်းဝင်း၌ ထိန်းသိမ်းထားပြီး တရားဝင်သယ်ဆောင်ခွင့်မရှိသော နွားများအား သယ်ဆောင်သူများဖြစ်သည့် အိုက်လုံ၊ စိုင်းစိတ္တ၊ အားတီ(ခ) ကျော်ကျော်ဦး၊ စိန်လှတို့အား အရေးယူဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

မောင်မောင်သန်း(တောင်ကြီး)

မြေပြို၍ လူတစ်ဦးသေဆုံးမှုဖြစ်ပွား

ဟုမ္မလင်း မေ ၂

ဟုမ္မလင်းမြို့နယ် နောင်ခမ်းကျေးရွာအုပ်စု ခေါက်ဝိုးကျေးရွာတွင် ဧပြီ ၂၉ ရက် ညနေ ၄ နာရီခွဲခန့်က သေမှုသေခင်းတစ်ခုဖြစ်ပွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ နောင်ခမ်းအုပ်စု ခေါက်ဝိုးကျေးရွာနေ မောင်အိုက်ထွန်း(ခ) မောင်ထွန်းထွန်းဝင်း အသက်(၂၈ နှစ်)သည် ခေါက်ဝိုးကျေးရွာ၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ ပော့ပြည်နမ်ချောက်ထဲတွင် ရွှေမျှောတိုက်နေစဉ် မြေပြို၍ မြေပိသေဆုံးခဲ့ခြင်းဖြစ်သည်။

အဆိုပါအမှုနှင့်ပတ်သက်၍ မိုင်းကိုင်းရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လင်းလင်း(ပြန်/ဆက်)**

တရားမဝင်သစ်များဖမ်းဆီးရမိ

နေပြည်တော် မေ ၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁) သဲကွင်းအတွင်း၌ ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီခွဲတွင် တရားမဝင်သစ်များ စက်လှေပေါ်မှ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေကြောင်း သတင်းအရ စက်မှုဇုန်ရဲကင်းမှ တပ်ဖွဲ့ဝင်များနှင့် သစ်တောဦးစီးဌာနမှတာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ မြင့်စိုး (၂၉ နှစ်) မောင်းနှင်သည့် စက်လှေပေါ်မှ စမ်းချောင်းမြို့နယ်၊ ဒေါနလမ်းနေ တင်စိန် (၄၀ နှစ်)မောင်းနှင်သည့် ၄က/---ယာဉ်နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ (၉)ရပ်ကွက်နေ ဇော်ဦး (၂၇ နှစ်) မောင်းနှင်သည့် ၄ဂ/---ယာဉ်ပေါ်သို့ ပြောင်းရွှေ့တင်ဆောင်ထားသည့် အခြားသစ်ခွဲသား နှစ်တန်စီကို သိမ်းဆည်းရမိခဲ့သည်။ ထို့အပြင် သဲကွင်းအနီး၊ဆက်လက်ရှာဖွေရာ ဆိပ်ကမ်းသာလမ်း၊ သောင်ကြားဘုန်းကြီးကျောင်းဝင်းအတွင်း ပိုင်ရှင်မဲ့ရပ်တန့်ထားသည့် ၄ဂ/--- ယာဉ်ပေါ်မှ ကျွန်းသစ်အချောထည် ၁ ဒသမ ၄ တန်ခန့်ကို ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်အရေးယူနိုင်ရေး သစ်တောဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **ဇာနည်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ပုသိမ်တက္ကသိုလ်

ပါရဂူ(Ph.D) သင်တန်းသားများခေါ်ယူခြင်း

၁။ ပုသိမ်တက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(Ph.D)သင်တန်းကို အဏုဇီဝဗေဒအထူးပြုဘာသာရပ်ဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

၂။ ပါရဂူဘွဲ့(Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့် လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၁၃ခုနှစ် ဇွန် ၁ ရက်တွင် အသက် ၃၀ထက်မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက်လျှော့ပေါ့စဉ်းစားမည်)

(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကိုအချိန်ပြည့်တစ်နှစ်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ ဝင်ခွင့်လျှောက်ထားသူ၏အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အဏုဇီဝဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒဘာသာရပ်တစ်ခုခုဖြင့် အနိမ့်ဆုံး မဟာဘွဲ့ရရှိထားသူဖြစ်ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်တစ်ခုခုတွင် ဆရာ၊ ဆရာမအဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။

(ခ) ဘာသာရပ်ဆိုင်ရာ သုံးနာရီမေးခွန်းနှင့် အင်္ဂလိပ်စာဘာသာရပ် သုံးနာရီမေးခွန်း၊ ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းအောင်မြင်သူများကိုသာလက်ခံမည်။

(ဂ) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်တစ်နှစ်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

(ဃ) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ အဏုဇီဝဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒအထူးပြုဖြင့် မဟာသုတေသနဘွဲ့ရရှိထားသည့် ကျောင်းသား၊ ကျောင်းသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။ မဟာသုတေသနဘွဲ့အတွက်ပြုလုပ်သော သုတေသနကျမ်း အကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ်အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာသုံးမျက်နှာထက် မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

(င) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ သရုပ်ပြဖြစ်ပါက သရုပ်ပြရာထူးတွင် လုပ်သက်တစ်နှစ်အနည်းဆုံးရှိရမည်။

(စ) ပုသိမ်တက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၅-၅-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားလျှောက်ထားရမည်။

(ဆ) လျှောက်ထားသူများသည် Ph.D ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်။

(၁) ၁၈-၅-၂၀၁၃ ရက် (စနေနေ့) ၉း၀၀နာရီမှ ၁၂း၀၀နာရီ သက်ဆိုင်ရာဘာသာရပ်

(၂) ၁၉-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့)၉း၀၀နာရီမှ ၁၂း၀၀နာရီ အင်္ဂလိပ်စာဘာသာရပ်

(ဇ) အသေးစိတ်အချက်အလက်များကို ပုသိမ်တက္ကသိုလ်၊ ရုက္ခဗေဒဌာန၊ သတ္တဗေဒဌာန၊ အဏ္ဏဝါသိပ္ပံဌာန၊ ဓာတုဗေဒဌာနနှင့် သင်တန်းရေးရာဌာနတို့တွင် စုံစမ်းနိုင်ပါသည်။

ဌာနမှူး(သင်တန်းရေးရာ)၊ ပုသိမ်တက္ကသိုလ်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ၊ နိုင်ငံခြားငွေ(USD)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
(က)	၀၃/မမ/ CME(ISN)(Kyat)	တာယာဆိုဒ်နံ(၅)မျိုး
(ခ)	၀၄/မမ/ CME(MIT)(Kyat)	တွဲအရန်ပစ္စည်းများ (4) Items (Vacuum Brake Cylinder 21"Ø,ABC Coupler, Induction Motor)
(ဂ)	၀၅/မမ/ CME(YUG)(Kyat)	Spare Parts for Locomotive &Raw Material (32) Items
(ဃ)	၀၆/မမ/ CME(Kyat)	Light Truck (2) Nos
(င)	၀၇/မမ/ CME(ISN)(Kyat)	စက်ခေါင်းအရန်ပစ္စည်းများ(244) Items
(စ)	၀၈/မမ/ CME(ISN)(Kyat)	ဒီဇယ်စက်ခေါင်းအရန်ပစ္စည်းများ(373) Items
